မိတ်ကူးချိုချိုအနုပညာထုတ်လုပ်ရေး

ခင်မောင်ညို (ဘောဂဗေဒ)

# ကမ္ဘာ့စီးပွား မြန်မာ့စီးပွား

တဒေးလုပ်ငန်းကြီးပွားစေရေးအတွက်အမြင်များ

mgyoe.com

mgyoe.com

နှစ်ဆယ်ရာစုကုန်ခါနီး နှစ်ဆယ့်တစ်ရာစုဦးပိုင်းအတွင်း
အသက်ရှင်နေထိုင်ရဦးမည့် ကျွန်တော်တို့အဖို့
ခေတ်ပေါ်ယဉ်ကျေးမှုနယ်ပယ်ကြီးတွင်
နိုင်ငံတကာငွေလွှဲစနစ်တို့
**Proforma Invoice** တို့၊ အငှားဝယ်စနစ်တို့လောက်တော့
သိကိုသိနေရမည်။
ဈေးကွက်စီးပွားရေး၊ လွတ်လပ်သောဈေးကွက်စီးပွားရေး၊
ဈေးကွက်ဦးတည်စီးပွားရေးတို့၏
တစ်ခုနှင့်တစ်ခု ခြားနားချက်လောက်တော့
သိဖို့လိုအပ်နေပါသည်။

(ဟိန်းလတ်၏အမှာစာ . . .မှ)

# ကမ္ဘာ့စီးပွား
# မြန်မာ့စီးပွား

## ခင်မောင်ညို (ဘောဂဗေဒ)

စာရေးသူ၏စီးပွားရေးအတွေးအမြင်များ

KMN0002
1,500.00 KS

mgyoe.com

စာမူခွင့်ပြုချက်အမှတ် ၃၂၉/၉၉(၅)
မျက်နှာဖုံးခွင့်ပြုချက် ၂၇၀/၉၉(၅)

ပုံနှိပ်သူ ဦးကျော်ဌေးမင်း
(၀၅၉၉၂)
ဗိုလ်အိုင်အေပုံနှိပ်တိုက်
၂၅၆၊ ဆိပ်ကမ်းသာလမ်း
ရန်ကုန်။
ထုတ်ဝေသူ ဦးကြည်ဝင်း
ဝင်းစာပေ (၀၁၀၂၉)
၂၁၊ ဒါနလမ်း၊ သာယာကုန်း
မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ပထမအကြိမ်
ဩဂုတ်လ၊ ၁၉၉၉
အုပ်ရေ ၁၀၀၀
တန်ဖိုး ၂၀၀ ကျပ်။

mgyoe.com

mgyoe.com

# ဟိန်းလတ်၏အမှာစာ

(က)

ဆရာခင်မောင်ညို ( ဘောဂဗေဒ ) ၏ စာအုပ်တွင် အမှာစာ ဝင်ရေးသူ ကျွန်တော်ဟိန်းလတ်အံ့နေဖြင့် ပထမဆုံး ဝန်ခံစရာအချက်တစ်ချက် ရှိပါသည်။

"ကျွန်တော်သည် ဘောဂဗေဒပညာနှင့်ပတ်သက်၍ နကန်းတစ်လုံးမျှ နားမလည်သူဖြစ်ခြင်း ဆိုသည့်အချက်။"

ကျွန်ကော်၏ ပထမဘွဲ့သည် သိပ္ပံဘွဲ့။ နောက်ထပ်ဘွဲ့တွေက စာကြည့်တိုက်ပညာနှင့်ပတ်သက်သည့် ဘွဲ့တွေ။ စာရေးဆရာအဖြစ်နှင့်လည်း လုံးချင်း (၂၁) အုပ်နှင့် ဆောင်းပါးပေါင်း (၃၀၀၀) ကျော်ရေးခဲ့ရာတွင် စာပေ၊



mgyoe.com

mgyoe.com

အနုပညာ၊ အင်တာဗျူး၊ ဝတ္ထု၊ ကဗျာ၊ နိုင်ငံရေး၊ ဘာသာရေး၊ သိပ္ပံ၊ စာပေဝေဖန်ရေး၊ စာပေသမိုင်း၊ ဂမ္ဘီရ သရော်စာ၊ အထ္ထုပ္ပတ္တိ၊ ဂီတ၊ ပန်းချီ၊ ကျန်းမာရေး၊ ဘာသာစကား၊ ပညာရေး စသဖြင့် ဘာသာရပ်ပေါင်းစုံခဲ့သော်လည်း စီးပွားရေးဆိုင်ရာ၊ ဘောဂဗေဒဆိုင်ရာနှင့်ပတ်သက်၍ကား တစ်ပုဒ်တစ်လေမျှပင် မရေးဖူးခဲ့။

သို့ပါလျက်နှင့် ဘာဖြစ်လို့ ဘောဂဗေဒပညာရပ်ဆိုင်ရာ စာနယ်တွင် အမှာစာဝင်ရေးရသနည်းဟု မေးလာလျှင် ဖြေစရာအချက်နှစ်ချက် ရှိနေပါသည်။

ပထမအချက်မှာ ကျွန်တော်သည် ဆရာခင်မောင်ညို(ဘောဂဗေဒ)၏ အခိုင်အမာ ပရိသတ်တစ်ဦးဖြစ်သဖြင့် ပုဂ္ဂိုလ်ရေး လေးစားခင်မင်မှုကြောင့် အမှာစာကို မနေနိုင် မထိုင်နိုင် ဝင်ရေးဖြစ်ခြင်း ဖြစ်ပါသည်။

ဒုတိယအချက်မှာ ယနေ့ခေတ် အချိန်အခါတွင် ဘောဂဗေဒပညာရပ်ကို မလေ့လာမဆည်းပူး၍ မဖြစ်တော့သည့်အခြေအနေသို့ ရောက်နေသဖြင့် ကျွန်တော့်ကဲ့သို့ လူတိုင်း ဤပညာရပ်ကို စိတ်ဝင်စားလာကြစေရန် တွန်းအားပေးလို၍ ဖြစ်ပါသည်။

(၁)

ယနေ့ မော်ဒန်စာပေဟုခေါ်နေကြသော ခေတ်ပေါ်စာပေကို ကျွန်တော်စိတ်ဝင်စားပါသည်။ ထို့ကြောင့် ခေတ်ပေါ်ကဗျာ၊ ခေတ်ပေါ်ဝတ္ထုများ ဖြစ်ပေါ်တိုးတက်ရေးတွင် အခွင့်ကြုံလျှင် ကြုံသလို ကျွန်တော် ဆောင်းပါးတွေရေးဖူးပါသည်။ ခေတ်ပေါ်စာပေ လှုပ်ရှားမှု ကနဦးကာလမှစ၍ ကျွန်တော်



mgyoe.com

mgyoe.com

တစ်တပ်တစ်အားမှ ပါဝင်ခဲ့သည်မှာ ယခုထိ ဖြစ်ပါသည်။ ခေတ်ပေါ်စာပေ အနုပညာမှစတင်၍ လေ့လာခဲ့ရာ ယခုတော့ "ခေတ်ပေါ်ယဉ်ကျေးမှု" (Modern Culture ) တစ်ခုလုံးကို စိတ်ဝင်စားမိလာပါသည်။ ကျွန်တော် နိုင်ငံရပ်ခြားများတွင် အစိုးရပညာတော်သင်အဖြစ် ဆည်းပူးခွင့်ရခဲ့စဉ်ကာလများ၌ ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်များသို့ ရောက်ခဲ့ရသည်။ စာအုပ်ဆိုင်ကြီးတွေ အတော်များများတွင် ဝင်မွှေဖူးသည်။ ထိုအခါ "ခေတ်ပေါ်ယဉ်ကျေးမှု"ဆိုသော စကားရပ်၏ ကျယ်ပြန့်လှသော အဓိပ္ပါယ်ကို ရိုးတိုးရိပ်တိပ် သိသလိုလို ဖြစ်ပါသည်။

ယဉ်ကျေးမှုအနုပညာဆိုသည်နှင့် ကျွန်တော်တို့သည် ကဗျာ၊ စာပေ၊ ပန်းချီပန်းပု၊ ရုပ်ရှင်၊ ဂီတ၊ ပြဇာတ်လောကကိုသာ တန်းမြင်နေကျဖြစ်၏။ သို့သော် ဥရောပနှင့် အနောက်နိုင်ငံများတွင် "ခေတ်ပေါ်ယဉ်ကျေးမှု" (Modern Culture ) ဆိုသည်မှာ သည့်ထက် ကျယ်ဝန်းသွားပါပြီ။ ရူပဗေဒပညာရှင်၊ မနုဿဗေဒပါရဂူ၊ ဘာသာရေးအတွေးအခေါ်ဆရာ၊ လူမှုရေးသမိုင်းလေ့လာသူ၊ ( Social historian )ဘာသာဗေဒပညာရှင်၊ ဗိသုကာဆရာ၊ ယဉ်ကျေးမှုဗေဒလိုက်စားသူ ( Culturologist ) စသူတို့အားလုံးသည် "ခေတ်ပေါ်ယဉ်ကျေးမှု" ထဲတွင် အကျုံးဝင်နေသည်။ ထို့နောက် ထို့နောက်၊ "ခေတ်ပေါ်ယဉ်ကျေးမှု" ထဲတွင် "ဘောဂဗေဒပညာရှင်" သည်လည်း အဓိကအခန်းကဏ္ဍက ပါဝင်နေသည်ဟုဆိုလျှင် အံ့သြသွားကြပါမည်လား။

ကျွန်တော် စာအုပ်တစ်အုပ်ထဲနှင့် သက်သေပြပါမည်။ "ဂျပ်စတင်းဝင်းတဲလ်" (Justin Wintle) တည်းဖြတ်သော "ခေတ်ပေါ်ယဉ်ကျေးမှုအဘိဓါန်" (Dictionary of Modern Culture ) စာနယ်ကိုကြည့်ပါ။ ထိုစာအုပ်တွင် ပညာရှင်ပေါင်း ၂၀၀ ကျော်တို့က နှစ်ဆယ်ရာစုခေတ်ပေါ်



mgyoe.com

mgyoe.com

ယဉ်ကျေးမှု ဖန်တီးသူပေါင်း ၃၂၀ ကျော်၏အကြောင်း ရေးထားပါသည်။ စိတ်ပညာဘာသာရပ်တွင် "ဖရိုက်" မှသည် "အာဒီလိုင်း" အထိ။ စာပေလောကတွင် "မာဆယ်ပရူ" မှ "ဂါစီယာမားကွက်စ်" အထိ။ ပန်းချီတွင် "ပီကာဆို" မှ "အင်ဒီဝါးဟိုးလ်" အထိ။ ရုပ်ရှင်တွင် "ချာလီချက်ပလင်" မှ "ဂိုးဒတ်" အထိ။ ပြဇာတ်တွင် "ဘားနတ်ရှော" မှ "ဟာရိုးလ်ပင်ထာ" အထိ။ ကဗျာတွင် "ယိ(စ်)" မှ "အယ်လင်ဂျင်းစဘတ်(စ်)" အထိ။ ဒဿနိကတွင် "ဝစ်ဂင်စကိန်း" မှ "ပေါ့ပါး" အထိ။ ဘောဂဗေဒတွင် "ကီးနိ(မ်)" မှ "မီလ်တန်ဖရိုက်မင်း" အထိ။

## (ဂ)

နှစ်ဆယ်ရာစုကုန်ခါနီး၊ နှစ်ဆယ့်တစ်ရာစု ဦးပိုင်းအတွင်း အသက်ရှင်နေထိုင်ကြရဦးမည့် ကျွန်တော်တို့အဖို့ "ခေတ်ပေါ်ယဉ်ကျေးမှု" နယ်ပယ်ကြီးတွင် မကျင်လည်မဖြစ် ကျင်လည်ကြရတော့မည်။ ကွန်ပျူတာတွေ သုံးစွဲနေသည့်ကာလကြီးတွင် E. Mail (Electronic Mail) လောက်နှင့် မပြီးတော့။ E. Com ခေါ် (Electronic Commerce) အထိ သုံးပြီး ကမ္ဘာတစ်ဝှမ်း "အီလက်ထရွန်းနစ်စီးပွားရေး" ဆက်သွယ်မှုတွေ လုပ်ကြရဦးမည်။ "နိုင်ငံတကာ ကွန်ယက်စနစ်ဖြင့် ဈေးကွက်ဖေါ်ဆောင်ခြင်း" (Internet Marketing) တွေ ဆက်လုပ်ကြရဦးမည်။ ဒါတွေက အလှမ်းနည်းနည်း ကွာသေးသည်ဆိုချင်ဆိုဦး။ L.C (Letter of Credit) ခေါ် နိုင်ငံတကာ ငွေလွှဲစနစ်တို့၊ Proforma Invoice တို့, Hire - Purchase System (အငှားဝယ်စနစ်) တို့လောက်ကော့ သိကို သိနေရမည်။ "ဈေးကွက်စီးပွားရေး"



mgyoe.com

mgyoe.com

(**Market Economy**) "လွတ်လပ်သော ဈေးကွက်စီးပွားရေး" (**Free Market Economy**) "ဈေးကွက်ဦးတည်စီးပွားရေး" (**Market - oriented Economy**) တို့၏ တစ်ခုနှင့်တစ်ခု ခြားနားချက်လောက်တော့ သိဖို့ လိုအပ်နေပါသည်။

"ကီးနိ(မ်)" နောက်ပိုင်းတွင် အနောက်ကမ္ဘာမှာ သြဇာအညောင်းဆုံး ဘောဂဗေဒပညာရှင် "မီလ်တန်ဖရိုက်မင်း" (**Milton Friedman**) အကြောင်း ကြားဖူးနား၀ ရှိပါသည်။ ရှီကာဂိုက ဘောဂဗေဒပါမောက္ခ ဖြစ်ပြီး အမျိုးသားဘောဂဗေဒ သုတေသနဗျူရိုအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သူ "ဖရိုက်မင်း"သည် ဘောဂဗေဒ စာနယ်အတော်များများ ရေးခဲ့ပါသည်။ ထိုစာအုပ်များသည် အရောင်းရလည်းစွံ၊ လူကြိုက်လည်းများခဲ့ပါသည်။ ထို့ကြောင့် "ဖရိုက်မင်း" သည် ၁၉၇၆ တွင် ဘောဂဗေဒဆိုင်ရာ နိုဗယ်(လ်) ဆုရှင် ဖြစ်ခဲ့ပါသည်။

"ဂျွန်ကက်နက်(သ်)ဂါလ်းဘရိတ်(သ်) (**John Kenneth Galbrith**)" ကျတော့ ၁၉၅၂တွင် ထုတ်ဝေသော "တန်ဘိုးထိန်းချုပ်မှုသဘောတရား" (**The Theory of Price Control**) စာအုပ်ဖြင့် နာမည်ကြီးသူ ဘောဂဗေဒပညာရှင် ဖြစ်ပါသည်။ "ကားလ်မက်စ်" နှင့် ကီးနိ(မ်) တို့နောက်ပိုင်းတွင် သူ့စကားများသည် ကမ္ဘာတွင် အကိုးကားအခံရဆုံးစကားတွေ ဖြစ်ပါသည်။ အထူးသဖြင့် သူ့စာများသည် ဘောဂဗေဒပညာကို လူပြိန်းများနားလည်အောင် ရေးတတ်သဖြင့် ပို၍ကျော်ကြားခြင်း ဖြစ်ပါသည်။

ယေးလ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရခဲ့သော "သွန်းစတိန်းဗက်ဗလင်" (**Thornstein Veblen**) သည် ကမ္ဘာ့အကောင်းဆုံး နိုင်ငံရေးစာရေးဆရာဟု "အိန်းစတိန်း" ကပင် ချီးကျူးခဲ့ရသော ဘောဂဗေဒပညာရှင် စာရေးဆရာ



mgyoe.com

mgyoe.com

ဖြစ်ပါသည်။ "အရာရာကို အကုန်သိသူ နောက်ဆုံးလူသား" ဟုပင် သူ့တပည့်တွေက သူ့ကို ချီးကျူးခဲ့ရသူ ဖြစ်သည်။

မြန်မာပြည်တွင်ကား ဘောဂဗေဒစာရေးဆရာ ရှားလှပါသေးသည်။ ကျွန်တော်ငယ်ငယ်တုန်းကမူ "ဆရာမောင်စူးစမ်း" ၏ "ဘောဂဗေဒကကြီးခခွေး" စာအုပ်ကို ကြိုက်ခဲ့ဖူးပါသည်။ ယခုနောက်ပိုင်းကား ဆရာ "ခင်မောင်ညို ( ဘောဂဗေဒ)" ၏ စာတွေကိုသာ ဖတ်နေရသည်။ သူသည် ပညာရပ်ကို ပိုင်နိုင်နှံ့စပ်ပြီး အရေးအသားမှာ ရှင်လည်းရှင်၊ ရှင်းလည်းရှင်းလင်းလှပါသည်။ အထူးသဖြင့် လက်ရှိ ရင်ဆိုင်ကြုံတွေ့နေကြရသော လက်တွေ့ဘဝတွင်းမှ ပြဿနာများကို ရဲရင့်စူးရှစွာ ထုတ်နှုတ်ပြီး ဘောဂဗေဒရှုထောင့်မှ ရှင်းပြတတ်သော ဆရာခင်မောင်ညို၏ စာတွေကြောင့် လူကြိုက်ပိုများရခြင်း ဖြစ်သည်ဟု ကျွန်တော်ထင်ပါသ်။

ကျွန်တော်ရေးသမျှ စာအားလုံးကိုဆရာခင်မောင်ညို(ဘောဂဗေဒ) ဖတ်ဖူးမည် မထင်ပါ။ သို့သော် ဆရာခင်မောင်ညို (ဘောဂဗေဒ) ရေးသမျှ စာအားလုံးကို ကျွန်တော် ဖတ်ဖူးသည်ဟုကား ရဲဝံ့စွာဆိုချင်ပါသည်။ ဆရာ ခင်မောင်ညို (ဘောဂဗေဒ) ရေးသမျှစာတွေအားလုံးထဲမှနေ၍ ကျွန်တော် ဘောဂဗေဒအသိအမြင် ရိပ်ဖမ်းသံဖမ်းမျှ သိလာကာ အနည်းငယ် မျက်စိပွင့်နားပွင့် ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် ဆရာခင်မောင်ညို ( ဘောဂဗေဒ ) အပေါ် ကျွန်တော် ကျေးဇူးကြွေးတင်ရှိနေပြီ။ ဤအမှာစာတစ်ထွာတစ်ညိုဖြင့်သာ တတ်အားသမျှ ကျေးဇူးကို လောလောလတ်လတ် ဖဲ့ဆပ်လိုက်ပါရစေတော့။

ဟိန်းလတ်



mgyoe.com

mgyoe.com

# စာရေးသူ၏အမှာ

မြန်မာနိုင်ငံ၏ စီမံကိန်းချစီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းလာသောအချိန်တွင် ပစ္စုပ္ပန်ရော၊ အနာဂါတ်ပါ ဝေဝေဝါးဝါးနိုင်လှပါသည်။ ယခင်ကဤသို့ကူးပြောင်းခဲ့ဖူးသည့်အတွေ့အကြုံ မရှိခဲ့။ ယခုမှသာ ကိုယ့်ရှေ့က ခြေလှမ်းအနည်းငယ်ရောက်နေသည့် သူများ၏ အတွေ့အကြုံ၊ ကိုယ်လိုကူးပြောင်းဆဲနိုင်ငံများ၊ လုပ်ငန်းများအတွေ့အကြုံကို လေ့လာရ၊ ဆန်းစစ်ရ၊ အတုယူသင့်ကယူရသည်။ အတွေ့အကြုံတွေ၊ အတွေးအမြင်တွေ ကျယ်ကျယ်ပြန့်ပြန့်ရရှိဖို့လိုသည်။

ကျွန်တော့်အနေဖြင့် အကြောင်းအားလျော်စွာ ကျယ်ပြောလှသော စီးပွားရေးပညာဘာသာရပ်များကို စူးစူးစိုက်စိုက်နှစ်ရှည်လများလေ့လာ ဆည်းပူးခွင့်ရသဖြင့်လည်းကောင်း၊ လိုအပ်သောစာအုပ်စာတမ်းများနှင့် အလှမ်းဝေးသဖြင့်လည်းကောင်း၊ ကိုယ်ဝါသနာပါရာကို မွေ့လျော်စွာဆောင်ရွက်နိုင်သဖြင့်လည်းကောင်း ကံထူးလှသည်ဟု ကိုယ့်ကိုယ်ကိုယ်ထင်မိပါသည်။ ပါရဂူ



mgyoe.com

mgyoe.com

မြောက်လေ့လာခွင့်မရသေးသော်လည်း ယခုလိုလေ့လာခွင့်ရနေသည့် အတွက် ပင် ဝမ်းမြောက်လှပြီ။ မြန်မာနိုင်ငံအတွက် ကမ္ဘာ့နိုင်ငံများ၏သင်ခန်းစာ၊ မြန်မာလုပ်ငန်းများအတွက် ကမ္ဘာ့လုပ်ငန်းများ၏နမူနာတို့ကို လေ့လာရသည် မှာ မောသည်ပမ်းသည်မထင်ပါ။

တစ်ဖန် အချိန်ကာလအလျောက်လည်းကောင်း၊ အပြောင်းအလဲ များကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံနိုင်ငံနှင့် လုပ်ငန်းများအတွက် သိသင့် သိထိုက်နားလည်သင့် နားလည်ထိုက်သည်တို့ကိုလေ့လာဆည်းပူးကာ ကိုယ်သိ သမျှ၊ တတ်သမျှ၊ နားလည်သမျှစာနယ်ဇင်းများမှတစ်ဆင့် ပညာဒါနပြုခွင့်ရ ခဲ့ပါသည်။ အချို့ဆောင်းပါးများ၊ စာတမ်းများကို ဘာသာပြန်ဆိုပြုစုခွင့်ရ ခဲ့ပါသည်။ ရေးသားခဲ့စဉ်က အမှတ်တမဲ့ ဖုတ်ပူမီးတိုက်ရေးသားခဲ့သော်လည်း မပျောက်မပျယ်အရှည်တည်တံ့သင့်သည်ဟုလည်းယူဆ၍လည်းကောင်း၊ အလွယ်တကူတစုတစည်းဖတ်ရှုစေနိုင်ရန်လည်းကောင်း စုစည်းတင်ဆက် လိုက်ခြင်းဖြစ်ပါသည်။ အစစအရာရာပြည့်စုံခိုင်လုံလှသော ကျမ်းတစ်စောင် တစ်ဖွဲ့မဟုတ်ကြောင်း အစီရင်ခံလိုပါသည်။

အမှာစာချီးမြှင့်သော ဆရာဟိန်းလတ်၊ စာအုပ်ဖြစ်မြောက်ရေး အတွက်ဝိုင်းဝန်းကူညီကြသော ဆရာမြသန်းစံနှင့် ပေါ်ပြူလာအဖွဲ့သားများ၊ မူလဆောင်းပါးများကိုထည့်သွင်းခဲ့ကြသော မဂ္ဂဇင်းများနှင့် စီးပွားရေးပညာ ဆိုင်ရာဆောင်းပါးများကို အားပေးဖတ်ရှုကြသော စာဖတ်ပရိသတ်များအား ကျေးဇူးအထူးတင်ကြောင်းဖော်ပြလိုပါသည်။

ခင်မောင်ညို ( ဘောဂဗေဒ )

၁၁ . ၄. ၁၉၉၈

mgyoe.com

mgyoe.com

# ရှာမလား - စုမလား

ယုခုတစ်လော "သူဌေး" (သေဌေး) "သူဌေး"ဆိုသည့်အသုံး အနှုန်းကို မကြာမကြာကြားရသည်။ အများအားဖြင့် ကိုယ့်အလုပ်ရှင် (Boss) ကို သူဌေးဟု တင်စားကြ၊ ခေါ်ဝေါ်ကြသည်။ ဘယ်လောက်ချမ်းသာသလဲတော့မသိ၊ သူဌေးဆိုသည်မှာ မည်မျှပိုင်ဆိုင်သူ၊ မည်မျှဝင်ငွေရှိသူဟူ၍ တိတိ ကျကျသတ်မှတ်ထားချက်တော့မရှိ။

သူဌေးဟုပြောလိုက်လျှင်အကောင်းစားတွေဝတ်၊ အကောင်းစားတွေစား၊ ဈေးကြီးကြီးကားတွေစီး၊ တန်ဖိုးကြီးအိမ်ယာတွေမှာနေတတ်သူဟုမျက်စေ့ထဲတန်းမြင်တတ်ကြသော်လည်းတကယ့်သူဌေးတွေကထိုသို့မနေကြ၊ မစားကြပါတဲ့။ သူလိုကိုယ်လိုနေသည့်သူတွေသာဖြစ်သည်ဟု စစ်တမ်းတစ်ရပ်ကဆိုပါသည်။ ထိုစစ်တမ်းကို အဓိပ္ပါယ်ကောက်ရလျှင် အကောင်းစား



mgyoe.com

mgyoe.com


တွေ့ဝတ်၊ အကောင်းစားတွေစားနေသူများသည် သူဌေးမဟုတ်။ ဒီလိုနေပုံ၊ ဒီလို စားပုံသုံးပုံဖြုန်းပုံကိုကြည့်လျှင် သူဌေးမဖြစ်နိုင်။

ကျွန်တော်တို့ငယ်ငယ်က၊ အဖိုးဖြစ်သူပြောဖူးသည့်စကားတစ်ခု ရှိသည်။ တစ်နေ့တစ်ကျပ်လောက်ပဲစုကွာ။ တစ်လသုံးဆယ်၊ တစ်နှစ်သုံးရာ ခြောက်ဆယ့်ငါးကျပ်၊ ဆယ်နှစ်ကြာရင် သုံးထောင်ခြောက်ရာငါးဆယ်မရဘူး လားတဲ့။ တစ်ကျပ်မစုနိုင်တဲ့သူရှိသလား။ အခုငွေသုံးလေးထောင်လောက်မှ စုငွေမရှိသူတွေအများကြီးမဟုတ်လားတဲ့။ မှန်ပါသည်။ ယခုသူ့မြေးကျွန်တော့် မှာ သူတွက်ပြထားသည့်အတိုင်း စုခဲ့လျှင်ထိုငွေ (၁)သောင်းလောက်ရှိဖို့ ကောင်းသည်။တစ်ကျပ်များသာဖြစ်လောက်တာလိုက်လို့ဆိုပြီး တစ်ကျပ်ပင် မှန်မှန်မစုခဲ့ရာ ,ခုဘာမျှမဖြစ်လောက်သော ဘဝကမတက်။

စာလေး ဘာလေးနည်းနည်းပါးပါးတတ်လာတော့ ငွေဖေါင်းပွမှု နှုန်းကဘယ်လောက်၊ စားသုံးကုန်ဈေးနှုန်းကဘယ်လိုနှင့်ပြောတတ်လာသည်။ တကယ်နားမလည်ဘဲပြောတာတွေပါ။ ကုန်ဈေးနှုန်းတက်နေချိန်တွင် စုတာထက်သုံးတာက ပိုပြီးအကျိုးရှိကြောင်း ကိုယ့်ဖာသာကိုယ်ဆင်ခြေပေး ဖြစ်သည်။ ဂျပန်လိုနိုင်ငံမျိုးတွင် ငွေဖောင်းပွမှုနှုန်းမြင့်မားသည့်အချိန်၌ပင် ငွေစုဆောင်းမှုနှုန်းမြင့်မားသည်ဟု နောက်မှသိရသည်။

လူတစ်ယောက်ချင်းသာမဟုတ်၊ နိုင်ငံအလိုက်ငွေစုဆောင်းမှုနှုန်း တွေယှဉ်လိုက်တော့လည်း ကိုယ့်နိုင်ငံက (၁၂)ရာခိုင်နှုန်း (၁၃)ရာခိုင်နှုန်း ပတ်ဝန်းကျင်၊ သူများနိုင်ငံတွေက(၃၀)ရာခိုင်နှုန်းတဲ့၊ (၄၀)ရာခိုင်နှုန်းတဲ့၊ ပြည်ပ အရင်းအနှီးထက် ပြည်တွင်းစုဆောင်းမှုကို အားကိုးကြပါသတဲ့။

(၁၅.၁၀.၁၉၉၇)နေ့ထုတ်၊ မြန်မာ့သတင်းစာများပါ၊ နိုင်ငံခြား သတင်းအရ အာရှ–ပစိဖိတ်နိုင်ငံများသည် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး


mgyoe.com

mgyoe.com


ကြိုးပမ်း ဆောင်ရွက်ကြရာတွင် နိုင်ငံတကာအလှူရှင်နိုင်ငံများနှင့် အပြန်အလှန်အကူအညီပေးမှုများအပေါ် မှီခိုအားထားခြင်းမပြုကြဖို့၊ ဒေသအတွင်းကစုစည်းရရှိနိုင်သောဘဏ္ဍာငွေအရင်းအမြစ်ကိုအားကိုးဖို့၊ မလေးရှားဝန်ကြီးချုပ်က ပြောသွားကြောင်းဖတ်လိုက်ရသည်။

တစ်ခါတစ်လေတော့ မဆီမဆိုင် ကိုယ့်အားကိုယ်ကိုးလမ်းဖောက်လုပ်ရေး၊ အလှူခံမဏ္ဍပ်ဆိုသည့်ဆိုင်းဘုတ်တွေ မျက်စေ့ထဲပြေးပြေးမြင်လိုက်သည်။ မြန်မာစာပါမောက္ခဆရာကြီးတစ်ဦးကိုလည်းမေးကြည့်ဖူးသည်။ ကိုယ့်အားကိုယ်ကိုးဆိုလျှင် အလှူခံစရာလိုသလား။ အလှူခံရင် ကိုယ့်အားကိုယ်ကိုးရာရောက်၊ မရောက်။ သူကဘာတွေအတွေးခေါင်နေတာလဲ။ စာရေးဆရာဟုသာဖြေသည်။

စုဆောင်းမှုနိမ့်ဆို ဝင်ငွေနိမ့်တာကိုးဟုပြောတတ်ကြသည်။ ဝင်ငွေနိမ့်တော့ စုဆောင်းမှုနိမ့်၊ ရင်းနှီးမြှုပ်နှံမှုနိမ့်၊ ဝင်ငွေနိမ့်စသည်ဖြင့် ဆိုးသွမ်းသံသရာလည်သည်။ ထိုသံသရာကိုဖောက်ထွက်နိုင်မှ ကောင်းကျိုးမင်္ဂလာအဖြာဖြာကို ရယူခံစားကြရမည်။

တစ်ယောက်ချင်းဖြစ်ဖြစ်၊ နိုင်ငံအလိုက်ဖြစ်ဖြစ်ဝင်ငွေတိုးရှာနိုင်လျှင်ရှာ၊ ဝင်ငွေတိုးလာလျှင်လည်းတိုးစု၊ (တိုးမစားရဟုပြောလျှင်ကြိုက်မည်မဟုတ်) ရှာလည်းရှာ၊ စုလည်းစု၊ ရင်းလည်းရင်းလုပ်ကြလျှင် သူဌေးနိုင်ငံ၊ သူဌေးလူမျိုးဖြစ်နိုင်သည်။

ဟိုတုန်းက အနှစ်(၂၀)မှာ (၂)ဆတိုးဖို့စီမံကိန်းချကြိုးစားခဲ့ကြသည်။ ကိုယ်သာမအောင်မြင်ဘဲရှိသည်။ သူများတွေက(၁၀)နှစ်နဲ့နှစ်ဆတိုးသတဲ့။ နောက်လူတွေက (၅)နှစ်နဲ့ နှစ်ဆတိုးသတဲ့။

မျက်စေ့လည်လမ်းမှားပြီး၊ အမေရိကန်ပြည်ထောင်စုသို့ရောက်


mgyoe.com

mgyoe.com


သွားစဉ်ကလေ့လာရေးအစီအစဉ်ထဲမပါသော်လည်း လမ်းမှာတွေ့သည့်ဘဏ်တွေ၊ ငွေကြေးအဖွဲ့အစည်းတွေ အကုန်ဝင်ကြည့်သည်။ အဝင်ဝကကောင်တာတွေ၊ စင်တွေပေါ်မှာ ဖောချင်းသောချင်းပေးထားသည့် စာအုပ်တွေအကုန်ယူလာခဲ့သည်။ ယုတ်စွအဆုံးဆေးရုံအဝင်မှာထားသည့် စာရွက်တွေအကုန်ယူသည်။ လမ်းဘေးမှာကမ်းသမျှစာရွက်တွေအားလုံးယူသည်။ ကြာလာတော့ စာရွက်ပုံတွေ့လျှင်ကို မြန်မာလက်ချက်နဲ့ တွေ့တော့မည်အထိပြောလာကြသည်။

ပြောသာပြောရသည်။ တကယ်တမ်းကျတော့ လေယာဉ်ပျံပေါ်မှာဝေသည့် စာအုပ်တွေ မသယ်နိုင်၊ သတင်းစာတွေ လောဘတကြီး စုထားပြီးမှ မသယ်နိုင်၍ ထားခဲ့ရသည်။ ဒါတောင် တစ်လပဲသွားပေလို့၊တစ်နှစ်လောက်သာသွားမိလျှင် ကွန်တိန်နာငှားသယ်ရမည့်ပုံ ပေါက်သည်။

နယူးယောက်မြို့တော်တစ်နေရာ ( ဘယ်နေရာမှိုးမမှတ်မိတော့) တွင် သမာဓိဘဏ် (**Fidelity Bank** ) ကို တွေ့၍ ဝင်ကြည့်သည်။ သာမန်အရပ်သားများအတွက် မိမိ၏ရည်မှန်းချက် ပြည့်ဝရေး၊ လမ်းညွှန် (**Getting to your goals, A Fidelity Common Serse Guide** ) ဆိုသည့် စာအုပ်တစ်အုပ်တွေ့၍ ဆွဲလာခဲ့သည်။ ထိုစာအုပ်ငယ်လေးထဲမှာ ရေးထားသည့်အကြောင်းအရာတွေကို ပြန်လည်ဖေါက်သည်ချပါမည်။ လိုသလို သုံးနိုင်ကြဖို့ရည်ရွယ်ပါသည်။

အောင်မြင်သည့် ရင်းနှီးမြှုပ်နှံသူတစ်ယောက် ( သူဌေးမဟုတ် ) ဖြစ်လာဖို့ သေသေချာချာ သတ်မှတ်ထားသော ရည်မှန်းချက်များ ရှိရမည်။ ထိုရည်မှန်းချက်များအပေါ်၌ အခြေခံ၍ ရင်းနှီးမြှုပ်နှံရေး အစီအစဉ်ကောင်းတစ်ခု ဆွဲရမည်။ ငွေရေး ကြေးရေးရည်မှန်းချက်ကို တိတိကျကျ ချမှတ်နိုင်လေ


mgyoe.com

mgyoe.com



ရည်မှန်းချက်တွေ အောင်မြင်ဖို့ အလားအလာများလေ၊ အိမ်တစ်လုံးလောက် ရရင် ကောင်းမယ်၊ ကောလိပ်ပို့ဖို့စရိတ်ရှိရမယ်၊ အငြိမ်းစားယူရင် ဝင်ငွေလုံလောက်ရမယ်လို့ မရေမရာ ပြော၍မရ။ တိတိကျကျ ရေရေရာရာ ခိုင်ခိုင်မာမာ ရှိရမည်။ အချိန်ကာလကို ထည့်တွက်ရမည်။ ကုန်ကျမည့်စရိတ်စကတွေကို ထည့်စဉ်းစားရမည်။ ရေတိုမှာ ဘာဖြစ်ချင်တာ၊ ရေရှည်မှာ ဘာဖြစ်ချင်တာ၊ တိတိကျကျရှိရမည်။ ရည်မှန်းချက်ကိုပြည့်ဖို့ တစ်လမှာ တစ်ရက်မှာ ဘယ်လောက်စုရမည် တွက်ရသည်။

ကျွန်တော်တို့ အဖိုးပြောခဲ့သလို မှန်မှန်ကြီးစုရမည်။ ဒီကနေ့ တစ်ရက်တော့ မစုဘဲနေလိုက်ဦးမည်ဟု ပြော၍မရ။ တစ်ရက်နှစ်ရက်ပျက်ပါများလျှင် ပျက်သည့်ရက်တွေများလာမည်။ ကိုယ်ဆွဲထားသည့် စီမံကိန်းကို ကိုယ်တိုင်က လိုက်နာအကောင်အထည်မဖော်လျှင် အောင်မြင်စရာအကြောင်း လုံးဝမရှိ။ စီမံကိန်းအတိုင်း၊ စာအုပ်ကြီးအတိုင်း ပုံသေသွား၍မရ၊ လိုအပ်လျှင် လိုအပ်သလို တိုးရ လျော့ရတာတွေရှိသည်။ ကိုယ်ရည်မှန်းထားသည့်အတိုင်း ဖြစ်မဖြစ် ကိုယ့်ဖာသာကိုယ် စောင့်ကြည့်ရသည်။

စီမံကိန်းဆွဲရာ၌ ကိုယ်မျှော်လင့်မထားသော်လည်း တွေ့ကြုံရတတ်သော အရေးပေါ်ကိစ္စကြီးများကို ထည့်တွက်ရသည်။ အကြမ်းပျဉ်းပြောရလျှင် (၆)လစာ အသုံးစရိတ်လောက်တော့ လက်ထဲမှာ ရှိရမည်။ ခြောက်လစာမျှသောငွေကို ငွေပြန်ပေါ်ဖို့ လွယ်သည်။ လုံးဝဆုံးရှုံးစရာမရှိသည့် ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ထားဖို့ အကြံပေးသည်။

အကြီးအကျယ်ကိစ္စတွေသာမဟုတ်၊ သာမန်ကိစ္စမျိုး ( ဥပမာ – ဘုရားဖူးထွက်ဖို့ကအစ ) မှန်မှန်စုသွားသည့်နည်းကို အသုံးပြု၍ ရနိုင်သည်။

ငွေဖေါင်းပွမှုနှုန်းကို ဘယ်နေရာမှာ သွားထားမလဲဟု စိတ်ထဲ၌



mgyoe.com

mgyoe.com



အမေးပေါ်လာသည်။ ငွေဖေါင်းပွမှုနှုန်းကို အမိလိုက်ကာ ရင်းနှီးမြှုပ်နှံပါ ဟု သူက အကြံပေးသည်။ ငွေဖေါင်းပွမှုရှိလျှင် ပုံမှန် ငွေတစ်ရာစုရာက ငွေဖေါင်းပွမှုနှုန်းကိုပါ ထည့်တွက်ပြီးစုမှ ရည်မှန်းချက်ပြည့်မီမည်။

သူ့ဥပမာအတိုင်းပြောရလျှင် တစ်နှစ်ကို ဒေါ်လာ ( ၁၀၅၀ ) စုဖို့ ရည်မှန်းထားပြီး ငွေဖေါင်းပွမှုနှုန်း (၄) ရာခိုင်နှုန်းရှိလျှင် နောက်နှစ် ( ၁၀၉၂ ) ဒေါ်လာစုမှသာ ( ၁၀၅၀ × ၁.၀၄ = ၁၀၉၂ ) ငွေဖေါင်းပွမှုနှုန်းကို ကာမိမည်။ ငွေစုတာတောင်မှ ငွေဖေါင်းပွမှုနှုန်းထပ်ပေါင်းပြီးစုဖို့ ထူးထူးခြားခြား အကြံပေးသည်ကို တွေ့ရသည်။ ကျန်တဲ့အသေးစိတ်ဇယားတွေကိုတော့ စိတ်ဝင်စားမည်မထင်ပါ။

ကျွန်တော်အနေဖြင့် ပြောရလျှင် ငွေဖေါင်းပွမှုကြောင့် တိုးစားဖို့ သတိရနေရာက ငွေဖေါင်းပွမှုအတွက် ထပ်ဆောင်းကာငွေစုဖို့ သတိပေးသည်ကို သဘောတွေ့မိပါကြောင်း .....။



mgyoe.com

mgyoe.com

# စားသုံးသူတစ်ယောက်၏ အတွေ့အကြုံ

(၁)

စားသုံးသူတွေ အမြဲမှန်တယ်။ ဖောက်သည်တွေ အမြဲတမ်း မှန်တယ်လို့ ဆိုတဲ့ စကားကို စကားအနေနဲ့တော့ မကြာခဏ ကြားဖူးတယ်။ ဒါပေမယ့် လက်တွေ့ကျ ဘယ်လိုလဲဆိုတာ သိပ်သိချင်နေမိတယ်။



mgyoe.com

mgyoe.com



## (၂)

ဘန်ကောက်လေဆိပ်ကိုအဝင်မှာ ဖြည့်ရတဲ့ ဝင်ရောက်ခွင့်ပုံစံ (**Arival Form**) နဲ့ ထွက်ခွာခွင့်ပုံစံ (**Department Form**) နှစ်ခုရှိရာမှာ ကိုယ်ကဝင်တာပဲလေဆိုပြီး ပြန်ထွက်မယ့်ပုံစံကို ဆုတ်ပစ်လိုက်တယ်။ ပြီးတော့ ကုတ်အင်္ကျီထဲကို ထည့်လိုက်တယ်။ ကုတ်အင်္ကျီဆိုတာလည်း သိတဲ့အတိုင်းပဲ၊ အိတ်ထောင်တွေက အများကြီးဆိုတော့ ဘယ်ထဲထည့်လို့ ထည့်လိုက်မှန်းတောင် မမှတ်မိပါဘူး။

အဲဒါ လူဝင်မှုကြီးကြပ်ရေးက တောင်းတဲ့အခါကျတော့ ပြစရာမရှိတော့၊ ချွေးဒီးဒီးကျပါလေရော။ ပျာယာခတ်ပြီး ရှာတော့ ရှာမတွေ့တော့ဘူး။ (အခုတော့ အိတ်ထဲမှာရှိသေး)

ကျေးဇူးရှင် လူဝင်မှုကြီးကြပ်ရေးက ပုံစံအလွတ်တစ်ခု ယူဖြည့်ခိုင်းပြီး နံပါတ်ပဲပြောင်းတပ်ပေးလိုက်တယ်။ ပြီးတော့ မင်းမထွက်မချင်း မပျောက်စေနဲ့ဆိုပြီး ပတ်စ်ပို့စာအုပ်မှာ တစ်ခါတည်း တွဲချုပ်ပေးလိုက်တယ်၊ မှတ်ကရော။

အဲ .. ပစ္စည်းသွားရွေးတဲ့အခါကျလည်း ကိုယ့်ပစ္စည်းက ဝါရှင်တန်အထိ တောက်လျှောက်ပို့မယ့်ဟာကို ကိုယ်ကမသိလို့ သွားစောင့်နေမိတယ်။ ကိုယ့်ပစ္စည်းကလည်း ထွက်မလာနိုင်၊ ထွက်မလာနိုင်နဲ့၊ နောက် .. ဘေးက ဝိုင်ယာလက်စက်တစ်လုံးနဲ့ ရောက်လာတဲ့ လေဆိပ်ဝန်ထမ်းက လက်မှတ်ယူကြည့်ပြီး မင်းပစ္စည်းက ဝါရှင်တန်ကျမှ ရွေးရမှာလေ တဲ့။ သိဘူးလေ။

မနက်ပိုင်းအမေရိကန်လေကြောင်း **North West Airline** နဲ့ ထွက်ဖို့ ဝင်လာတဲ့အခါကျတော့ ထိုင်းမလေးတွေက အင်္ဂလိပ်စကားလို့



mgyoe.com

mgyoe.com


လုံးဝထင်မထားတဲ့ အင်္ဂလိပ်စကားနဲ့ မေးကြတယ်။ မင်းပစ္စည်း၊ ငါ့ ကိုယ်တိုင် ထုပ်ပိုးတာ ဟုတ်ရဲ့လား၊ မင်းမသိတဲ့ တစိမ်းတစ်ယောက်ယောက်က လူကြုံ ပါးလိုက်တာ ရှိသလားပေါ့။ ဘယ့်နှယ် ကိုယ့်ဟာကိုယ် ထုပ်ထုပ် မထုပ်ထုပ် သူများလူကြုံပါးတာ မပါးတာ သူတို့နဲ့ ဘာဆိုင်သလဲလို့ ကျွဲမြီးတောင်တို ချင်သလိုလို။

ဒါပေမယ့် လေဆိပ်တစ်ခုရောက်တိုင်း ခဏခဏ အမေးခံရလွန်းမှ ဒါ ကိုယ့်လုံခြုံရေးအတွက်ပဲလို့ သဘောပေါက်လာတယ်။

ပြီးတော့ လေဆိပ်အဝင်တွေမှာ ကိုယ့်ပစ္စည်းကို ဓာတ်မှန်အရိုက်ခံ ရတာ၊ ဓာတ်မှန်တံခါးက ဖြတ်ခိုင်းတာတွေ၊ အကြွေစေ့တွေ၊ သော့တွဲတွေ ကြောင့် တတီတီမြည်ရင် အထပ်ထပ်အခါခါ အရှာခံရတာတွေကို ဘယ်သူ ကမျှ ငြင်းပယ်နေတာ မတွေ့ရပါဘူး။ ငါတို့က ဖောက်သည်တွေ၊ စားသုံးသူ တွေပဲလို့ သဘောထားတာ မတွေ့ရဘူး။

ဒက်ထရွိုက်လေဆိပ်ရောက်တော့ အဝင်နဲ့ အထွက်နဲ့က ဘတ်စ် ကားနဲ့ သွားကြရတာကိုး။ ရှေ့က ဘတ်စ်ကားကို စုပြုံတိုးတဲ့ ပုဂ္ဂိုလ်များကို ကားပေါ်က ပြန်ဆင်းခိုင်းတာ တွေ့ရတော့ ဘယ်လိုလဲဟလို့ ထင်ချင်စရာ မတ်တတ်ရပ်စီးတဲ့သူက ဥပမာ – ဆယ်ယောက်ဆိုရင် ဆယ်ယောက်ပဲ၊ ဆယ်ယောက်ထက် မပိုရဘူး။

ကမ္ဘာကျော် ဝေါလ်မတ် (WalMat) စတိုးဆိုင်ကြီးများရဲ့ ဇာတိ ဒေသ၊ အာကင်ဆောပြည်နယ်၊ လစ်တဲလ်ရော့ခ်မြို့တော်က မိခင်ဝေါလ်မတ် စတိုးဆိုင်ကြီးကိုတော့ လိုက်ပို့တဲ့အိမ်ရှင်က ကိုယ်ဝယ်ထားတဲ့ ပစ္စည်းအတွက် ပေးတဲ့ပြေစာတွေကို ဖျောက်မပစ်လိုက်နဲ့၊ သိမ်းထားဆိုလို့ သိမ်းထားရတယ်။ အထွက်မှာ တစ်ခါစစ်တဲ့သူနဲ့တွေ့တော့လည်း ပြရပြန်ရော။


mgyoe.com

mgyoe.com



အလစ်သုတ်သူတွေ ဘယ်လောက်များတယ်တော့ မပြောတတ်ဘူး။ ဆိုင်ထဲဝင်ရင် ကိုယ်ပါလာတဲ့ အိတ်ကို ထားခဲ့ရတာမျိုးတွေက ရှိနေပြီ။ အကုန်လုံးခိုးဝယ်လာတာ တစ်ခုမှမပါ။ ဝယ်လာတာတွေချည်း ဖြစ်ပေမယ့် တံခါးကထွက်ရင် သံစုံမြည်နေတာတွေကို လန့်လန့်နေပေမယ့် ကြာတော့လည်း မြည်ချင်သလောက် မြည်စမ်း၊ ဂရုမစိုက်ဘူး။ ငွေရပြေစာတွေကိုလည်း သေသေချာချာ သိမ်းထားပါတယ်။

တချို့ဆိုင်တွေက အင်္ကျီပေါ်မှာ မင်ဘူးကြီးတွေ ချိတ်ထားလို့ ကိုယ့်ဘာသာကိုယ် ဆွဲဖွင့်ရင် မင်စွန်းအောင်လုပ်ထားတာကို ကိုယ်ကမသိတော့ ဒီမင်အိုးနဲ့ အင်္ကျီတွေက ဘာလုပ်ပါလိမ့်လို့ စူးစမ်းမိသေးတယ်။

အရက်ရောင်းတဲ့ ဆိုင်ကလည်း အသက်မပြည့်တဲ့သူဆို ရောင်းတော်မမူဘူး။ အသက်ပြည့်တယ်လို့မထင်ရင် အထောက်အထား တောင်းကြည့်မယ်။ အသက်မပြည့်တဲ့လူကို ရောင်းလိုက်လို့ကတော့ တရားစွဲခံရလို့ သက်သာမယ် မဟုတ်ဘူး။ အဲ.. တက္ကသိုလ်ဝင်းထဲမှာလည်း အရက်မသောက်ရ၊ အရက်မရောင်းရတဲ့။ အပြင်က သောက်လာရင်တော့ ဖြစ်ပုံရတယ်။

အရက်ဆိုလို့ ဒီမှာလို လူစည်ကားတဲ့နေရာတွေမှာ 'ငါဘယ်သူ့မှ ဂရုမစိုက်ဘူးကွ' ဆိုပြီး သောက်ပြနေတာမျိုးတွေ၊ သောက်တာနည်းနည်း မူးတာများများတွေလည်း လုပ်လို့မရဘူး။ ဘူတာရုံတို့၊ ဘတ်စ်ကားဂိတ်တို့၊ ရထားပေါ်တို့မှာ အလွန်သောက်ချင်နေတဲ့သူတွေက ပုလင်းကို အိတ်အညိုထဲထည့်ပြီး ခိုးသောက်နေတာ တွေ့ရရဲ့။

ရုပ်မြင်သံကြား ကင်မရာတွေ၊ လျှပ်စစ်အချက်ပေးတံခါးတွေ ရှိရုံနဲ့ မကျေနပ်ဘဲ "အလစ်သုတ်သူများကို တရားစွဲဆိုခြင်း ခံရမည်" ဆိုတဲ့ စာတမ်းတွေ ရေးထိုးထားတာလည်း တွေ့ခဲ့ရရဲ့။ ကိုယ့်ပစ္စည်းကိုယ် မပျက်စီး



mgyoe.com

mgyoe.com


ရ, မဆုံးရှုံးရအောင်တော့ နည်းမျိုးစုံနဲ့ကို ကြိုးစားကြရတာပဲ။

ဆန်ဖရန်စစ္စကိုမှာ နာမည်ကျော်ဓာတ်ရထားစီးရတော့ ခဏခဏ မောင်းချတာ တွေ့ရတယ်။ သူကလည်း ဓာတ်ရထားဆိုပြီး ပေါ့သေးသေး မမှတ်နဲ့။ ရှေးဟောင်းအမွေအနှစ်လို့ သဘောထားပြီး ထိန်းသိမ်းထားတာ၊ ဘယ်နေရာမှာ ဘယ်နှစ်ယောက်ပဲ တွယ်စီးရမယ်လို့ သတ်မှတ်ကိုထားတာ။ သတ်မှတ်ထားတဲ့ လူထက်ပိုလာတာနဲ့ အားမနာတမ်း မောင်းချတော့တာပဲ။ သတ်မှတ်ချက်ထက်ပိုပြီး လူတင်ရင် အန္တရာယ်ဖြစ်မှာ၊ တာဝန်ရှိမှာကိုလည်း စိုးရိမ်ကြပုံရတယ်။

ဒီနေရာမှာ စပ်မိလို့ပြောရရင် ကိုယ်က မြန်မာပီပီ မီးပွိုင့်ရောက်ရင် ကားတွေအရင်ဖြတ်၊ ကားတွေဖြတ်လို့ သွားလို့ဝမှ ကိုယ် လမ်းကူးမယ်လို့ လုပ်လေ့ရှိတယ်။ အံမယ် ကားဆရာတွေက မင်းအရင်ဖြတ်တဲ့။ ကဲ .. တစ်မျိုးပါလား။

ဟိုတယ်တွေကလည်း အမျိုးမျိုးပဲ၊ အကောင်းဆုံးက ဆန်ဖရန်စစ္စကိုက ဘက်ဖို့ဒ်ဟိုတယ်။ ကြိုတင်လည်း စီစဉ်ထားပြီးသားဆိုတော့ လူနာမည်ပြောလိုက်ရုံနဲ့ သော့တန်းပြီး ထုတ်ပေးတယ်။

အဲ ..လစ်တဲလ်ရော့ခ်ဟီလတန်အင်း (**Little Rock Hilton Inn**) မှာတော့ တည်းတဲ့ဧည့်သည်လည်း သိပ်မရှိဘဲနဲ့ ဘာတွေအလုပ်ရှုပ်နေ မှန်း မသိဘူး။ အကြာကြီးစောင့်ရတယ်။

ဟီလ်တန်အင်းမှာ ကြုံခဲ့ပုံလေး မှတ်မိသေးတယ်။ ဟိုတယ်တွေ ရောက်ရင် ဘယ်အချိန် သန့်ရှင်းရေး လုပ်ပေးရမလဲလို့ မကြာခဏ အမေးခံ ရတယ်။ အများအားဖြင့် ကိုယ်အပြင်ထွက်နေတဲ့ အချိန် ရှင်းသွားတာ များပါ တယ်။ ဟိုတယ်တွေမှာက အိပ်ရုံလောက်ပဲအိပ်ပြီး လေအေးစက် လွှတ်ထား


mgyoe.com

mgyoe.com


တာဆိုတော့ ဘာမျှလည်း ညစ်ပတ်ပေရေနေတာ မရှိပါဘူး။ သန့်ရှင်းရေးဝန်ထမ်း ( အာဖရိက အမေရိကန်သူ ) ကို 'ငါ့အခန်းရှင်းမနေပါနဲ့ကွာ' လို့ ပြောမိတယ်။ သူက 'မင်း သေချာသလား ( Are you sure? )' တဲ့။ 'သိပ်သေချာတာပေါ့ (Exectly !)'ဆိုတော့ 'အဲဒါဆို ဒီမှာ လက်မှတ်ထိုး' ဆိုလို့ သန့်ရှင်းရေးမလုပ်ခိုင်းကြောင်း လက်မှတ်ထိုးပေးလိုက်ရပါရောလား။

အမှတ်တရအဖြစ်တွေ အများဆုံးက လစ်တဲလ်ရော့ခ်မြို့မှာပါပဲ။ တစ်ရက်မှာ ( ) ဘဏ်ကို လေ့လာရေးသွားတော့ နေ့လယ်စာပါ သူတို့က ကျွေးတယ်။ နေ့လယ်စာ စားချိန်မှာ နိုင်ဂျီးရီးယားက အမျိုးသမီးရှေ့ကို ကိတ်မုန့်လေးတစ်လုံး ဖယောင်းတိုင်လေး တစ်တိုင်ထွန်းလို့။ (Happy Birthday ) ဆိုပြီး ရောက်လာတယ်။ အားလုံး အံ့အားသင့်သွားကြတာပေါ့။ တကယ်တော့ အဲဒီ နိုင်ဂျီးရီးယားအမျိုးသမီး ( ဝင်ဒီဘန်ဝို ) ရဲ့ မွေးနေ့က အရင်တစ်ရက်ကပါ။ သွားရင်းလာရင်းဆိုတော့ လူတိုင်းက အမှတ်တမဲ့ပဲ။ ကိုယ်ရေးရာဇဝင်တွေလည်း ကြိုပေးထားတာဆိုတော့ သူတို့က မွေးနေ့ရှိတယ်ဆိုတာလည်း ကြိုသိထားတာပေါ့။

အံ့ဩစရာက စားပွဲထိုးကလည်း ဟိုစမ်းစမ်း၊ ဒီစမ်းစမ်း လှုလိုက်ရှာမနေဘဲ တန်းချပေးလိုက်တာပဲ။ အဲဒီနေ့က မွေးနေ့ရှင်သာ မဟုတ်ဘူး၊ ကျန်တဲ့သူတွေအတွက်ပါ အမှတ်တရလေး ဖြစ်သွားတယ်။

ညစာစားတော့ကျ အခြေအနေကတစ်မျိုး၊ ပထမဆုံးက လူလေးငါးယောက်နဲ့ ဝိုင်းနေရာက လူရှစ်ယောက်လောက်မှာ နောက်တစ်နေရာ ထပ်ရွှေ့ကြတယ်။ အဲသလိုနေတုန်း လူတွေကလည်း ထပ်ရောက်လာတော့ နောက်တစ်နေရာ ထပ်ရွှေ့ကြပြန်တယ်။ အဲ .. ပိုက်ဆံရှင်းတဲ့အခါကျ အဲဒီမက္ကဆီကို အစားအသောက်ဆိုင်က အမေရိကန်စားပွဲထိုး လုံမငယ်က "နောက်


mgyoe.com

mgyoe.com


လည်း လာစားပါ။ ဒါပေမယ့် အခုလို စားပွဲ (၃) ခါပြောင်းတာမျိုးတော့ မလုပ်ပါနဲ့" တဲ့။ မှတ်ကရော ..။

ဆန်ဖရန်စစ္စကိုကနေ နာမည်ကျော် ရွှေတံခါး၀ (Golden Gate) တံတားကြီးကိုဖြတ်လို့၊ မျက်နှာချင်းဆိုင်က ဆော့စ်လီတို (Sauslito ) မှာ နေ့လယ်စာ သွားစားကြတော့ လူစည်ကားနေချိန်မို့ ကိုယ့်အလှည့်ရောက်အောင် တန်းစီစောင့်ခဲ့ရတယ်။ နေရောင်ရခဲ့တဲ့ အရပ်၊ နေရောင်အလွန်ခံချင်လှတဲ့ သူတွေအတွက် နေရောင်ဟာ တန်ဖိုးရှိပေမပေါ့။ အပူပိုင်းကလာတဲ့သူတွေကို ဧည့်သည်တွေမို့ဆိုပြီး ဦးစားပေးတဲ့ သဘောနဲ့ နေပူထဲက စားပွဲဝိုင်းမှာ နေရာချပေးတာ အောင့်သက်သက်နဲ့ ခံခဲ့ရသေးတယ်။

ကိုယ်က တန်းစီတယ်ဆိုတာ ဆိုဗီယက်စတိုင်၊ ဆိုရှယ်လစ်စတိုင်လို့ ထင်ထားခဲ့တာ။ အမေရိကန်ရောက်မှ ကန်တော့ပါရဲ့ဗျာ လေယာဉ်ပျံပေါ် အိမ်သာတက်တာကအစ တန်းစီ၊ ( နယူးယောခ် ) မြို့တော် မြို့လယ်ခေါင်က လမ်းဘေးဆိုင်ငလေးတွေမှာ ကော်ဖီတို့၊ ကိုကာကိုလာနဲ့ ကြက်သားခါး ပတ် ၀ယ်စားတော့လည်း တန်းစီနဲ့ တန်းစီမှုအပေါင်း သရုပ္ပဆောင်းခဲ့ပါသေး တယ်။

နောက်အမှတ်တရ ကြုံခဲ့တာတစ်ခု ရှိသေးတယ်။ အာကင်ဆောပြည်နယ်က ပြန်အထွက် မိုးအကြီးအကျယ်ရွာနေ ခရီးတစ်ထောက် ၀င်ရမယ့် ဖိုတ်ဒဲလတ်စ်လေဆိပ်ကလည်း ခေတ္တပိတ်ထားနဲ့၊ အဲဒီနေ့က အတော်ကသိတဲ့ခရီးပဲ။ ဖိုတ်ဒဲလတ်စ်လေဆိပ်မှာ ၀င်တဲ့နေရာနဲ့ ထွက်တဲ့နေရာကို ရထားနဲ့ သွားရတယ်။ ဧည့်ကြိုအရာရှိ ပါပေလို့သာပေါ့။ သူကတော့ ဟိုဖုန်းဆက်၊ ဒီဖုန်းဆက်နဲ့။ လေကြောင်းတွေပြောင်း၊ လေယာဉ်တွေပြောင်း၊ ကိုယ်ကတော့ ဘာမှမသိပါဘူး။ ဆန်ဖရန်စစ္စကိုလေဆိပ်ရောက်တော့ တစ်ဖွဲ့လုံးရဲ့ ပစ္စည်းဘာမှုမပါလာဘူး။ ဘယ်ပြောကောင်းမလဲ မျက်နှာလေးကို ဆီးရှက်လောက်ပဲ


mgyoe.com

mgyoe.com


ကျန်တော့တယ်။ ပစ္စည်းမရောက်တဲ့အကြောင်း တိုင်ချက်သွားဖွင့်ကြတော့ လက်ခံတဲ့စာရေးမက နှုတ်ခမ်းမွေးနဲ့၊ ငွေသွားနဲ့၊ သွားပေါ်မှာလည်း စာတမ်းရေးထားသေးထင်ရဲ့။

တိုင်ချက်ဖွင့်တော့ အလွယ်သား၊ လက်ဆွဲအိတ်ပုံစံတွေ နမူနာတွေ (၂၀)လောက်က အဆင်သင့်ရှိနေတော့ ဒါမျိုးဆိုပြီး လက်ညှိုးထိုးပြလိုက်ရုံပဲ။ ပြီးတော့ ဘယ်လောက်ကြာရင် ရောက်မလဲလို့မေးတော့ (၂၄) နာရီအတွင်း ရမယ်တဲ့။ သူ့ကွန်ပျူတာက ခလုတ်တွေ လျှောက်နှိပ်ကြည့်တော့ ကိုယ် ဘယ်ကလာတယ်၊ ဘယ်မှာတစ်ဆင့်စီးတယ်၊ ဘာလေကြောင်းနဲ့ဆိုတာတွေ အဟုတ်ကို အသေးစိတ်ပေါ်တာပဲ။

လှချက်အလွန်ရက်စက်တဲ့ ဆန်ဖရန်စစ္စကို ရောက်ပေမယ့် ပစ္စည်းပျောက်နေလို့ ကိုယ်ကသာ မပျော်နိုင်တာ။ တခြားသူတွေအားလုံးက အခန်းလည်းယူပြီး ထွက်လည်ကြတော့ ကိုယ်လည်း မျက်နှာပျက်ပျက်နဲ့ ထွက်လည်ရတာပဲ။ မကြာပါဘူး ည (၁၂) နာရီမထိုးမီမှာ လေဆိပ်က ဟိုတယ်အရောက် လာပို့တယ်။

ဝါရှင်တန်ကနေ ဒက်ထရွိုက်ကိုပြန်ထွက်တော့လည်း ဒီလိုပဲ။ ဝါရှင်တန်ကိုဝင်တုန်းက နေရှင်နယ်လေဆိပ်ကဝင်တော့ သိပ်မရှုပ်ဘူး။ ပြန်ထွက်တော့ ဒဲလတ်စ်လေဆိပ်ဆိုတာကြီးက ဝေးလည်းဝေး ရှုပ်လည်းရှုပ်၊ ကျောင်းပိတ်ရက်မို့ ခရီးထွက်မယ့် ကျောင်းသားတွေကလည်းအများကြီး။ လေဆိပ်အပြင်ဘက်မှာပဲ နောက်ကျနေပြီလို့ပြောပြီး ပစ္စည်းတွေ အမြန်အပ်ကြတော့လည်း **Late Arival** ဆိုပြီး လက်ခံသား။ ကိုယ့်အဖွဲ့ဝင် (၁၉) ယောက်မှာ ထက်ဝက်လောက် ကျန်နေရစ်ခဲ့ကြတယ်။ ခဏနေမှ မီချီဂန် တက္ကသိုလ်ကို ကျန်တဲ့အဖွဲ့တွေ ရောက်လာတယ်။ တခြားလေကြောင်းနဲ့


mgyoe.com

mgyoe.com


လာတာဆိုလို့ ဗမာလိုတွေးပြီး ပိုက်ဆံထပ်ပေးရသေးလားဆိုတော့ မပေးရဘူး။ လေကြောင်းလိုင်းအချင်းချင်း စာရင်းရှင်းရုံပဲတဲ့။ တယ်ဟုတ်ပါလား။

(၃)

ဒီတော့ ဖောက်သည်တွေ စားသုံးသူတွေအမြဲတမ်း မှန်တယ်ဆိုတာ ဘာလဲလို့ ကိုယ်တွေ့ကြုံတာတွေ ပြောပြခဲ့ပြီ။

- ဥပဒေတွေ၊ စည်းမျဉ်း စည်းကမ်းတွေနဲ့ မဆန့်ကျင်ရင်
- မိမိနဲ့အခြားသော စားသုံးသူတွေနဲ့ အများပြည်သူအကျိုးကို မထိခိုက်ရင်
- ထုတ်လုပ်သူတွေ၊ ရောင်းချသူတွေရဲ့ အကျိုးကို မတော်မတရား မထိခိုက်ရင်
- စားသုံးသူတွေ၊ ဖောက်သည်တွေရဲ့အကျိုး ရှေ့ရှုလို့ တတ်အားသမျှ လုပ်ပေးထားရင်

"စားသုံးသူတွေ အမြဲတမ်း မှန်တယ်" လို့ လက်တွေ့သဘောပေါက်နားလည်လာခဲ့ပါတယ်။


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရင်းနှီးမြှုပ်နှံ

(၁)

ဖွံ့ဖြိုးဆဲနိုင်ငံတွေက ကိုယ့်နိုင်ငံဖွံ့ဖြိုးအောင်၊ တိုးတက်အောင် ကြိုးစားနေကြသည်။

ကမ္ဘာ့အလယ်မှာ နေရာလေးတစ်နေရာရဖို့၊ မျက်နှာပန်းလှဖို့၊ အနာဂတ်သာယာဖို့ အားထုတ်နေကြသည်။

ကမ္ဘာအနှံ့ပြံ့နေသော ငွေရင်းငွေနှီးတွေ၊ ကိုယ့်ဆီရောက်အောင် ဆွဲဆောင်နေကြသည်။

အဆိုအမိန့် တစ်ခုရှိသည်။

အရင်းအနှီးဆိုတာ လိုချင့်တဲ့နေရာကို သွားသည်



mgyoe.com

mgyoe.com


ပြီးတော့ အပြုအစု အယုအယကောင်းသည့် နေရာမှာ
ကြာကြာနေသည် ... တဲ့

အရင်းအနှီးတွေ မှန်းသလို ရောက်မလာတာ သူ့ကို လိုလိုချင်ချင်၊ ကြိုကြိုဆိုဆို၊ လှိုက်လှိုက်လှဲလှဲ မရှိလို့လား?

အေးအေးဆေးဆေး၊ သက်တောင့်သက်သာ၊ ပျော်ပျော်ပါးပါး၊ မွေ့မွေ့လျော်လျော် မနေနိုင်တာ အပြုအစု အယုအယမကောင်းလို့လား?

## (၂)

လိုချင်တဲ့နေရာဆိုတာ ဘယ်နေရာမျိုးကို ဆိုလိုတာလဲ?

အပြုအစုကောင်းတဲ့နေရာဆိုတာ ဘယ်လိုနေရာလဲ?

အမျိုးမျိုး အဖုံဖုံ ငြင်းကြ ခုန်ကြသည်။ ငွေဆိုတဲ့၊ အရင်းအနှီးဆိုတဲ့ အပျိုချောကို ပိုးနည်းပမ်းနည်းတွေ၊ ချစ်ရုံကြင်ရုံမျှမက ဘဝတစ်သက် အိမ်ထောင်ဖက်ဖြစ်ဖို့တွေ အထိကြံစည်ကြသည်။

ငွေကလည်း မူယာမာယာ များလှသည်။

ပိုးသူပန်းသူတွေကလည်း ဗျူဟာ များလှသည်။ နောက်ဆုံးမှာ ငွေအရင်းအနှီးကို ပိုးနည်းပန်းနည်း (၁၂) နည်း ထွက်လာသည်။ နည်းလမ်းအသစ်အဆန်းတွေမဟုတ်။ သိပြီးသား ဖြစ်နိုင်သည်။ သိလျက်နဲ့ မလိုက်နာမိတာတွေ ဖြစ်နိုင်သည်။ ကုမ္ပဏီတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ ကြိုက်တတ်သည်များမှာ –

၁။ အပြောင်းအလဲနည်းသော၊ တည်ငြိမ်သော၊ ရေရာသေချာသော၊ ကြိုတင်မှန်းဆတွက်ချက်နိုင်သော နိုင်ငံအဆင့်စီးပွားရေးမူဝါဒများရှိရမည်။


mgyoe.com

mgyoe.com



၂။ ထိရောက်ထက်မြက်ရှိးသားသောအစိုးရတစ်ရပ်ရှိရမည်။

ရင်းနှီးမြှုပ်နှံသူတစ်ယောက်သည်အိမ်ရှင်အစိုးရ၏ သိက္ခာသမာဓိကိုအားကိုးအားထားပြုနိုင်ရမည်။ တရားဥပဒေစိုးမိုးအောင် ထိန်းသိမ်းနိုင်စွမ်းကို အားကိုးအားထားပြုနိုင်ရမည်။

၃။ ကြီးမားပြီးတိုးတက်သောဈေးကွက်ရှိရမည်။

ထိုနိုင်ငံ၏ဈေးကွက်သည်ကြီးမားရမည်။ စားသုံးသူများသည်ဝယ်ယူနိုင်စွမ်းအားရှိရမည်။ လောလောဆယ်သာမက အနာဂတ်တွင်ပါတိုးတက်ကြီးပွားလာဖို့အလားအလာရှိရမည်။

၄။ ဈေးကွက်၌လွတ်လပ်စွာလှုပ်ရှားခွင့်ရှိရမည်။

လွတ်လပ်စွာပြိုင်ဆိုင်နိုင်စွမ်း၊ ဈေးကွက်တစ်ခုထဲဝင်ရောက်ဖို့ ကိုယ့်အစိုးရဖက်၊ သူ့အစိုးရဖက်ကအဟန့်အတားတို့အရေးပါသည်။ဈေးကွက်တစ်ခုလွတ်လပ်လေ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများမျက်စေ့ကျလေ၊ သွားရည်ယိုလေ၊ မက်လေဖြစ်သည်။

၅။ အစိုးရ၏စည်းမျဉ်းစည်းကမ်းအနည်းဆုံးဖြစ်ရမည်။

ပုဂ္ဂလိကကုမ္ပဏီများ၏ အရေးအရာများနှင့် အကျိုးအမြတ်အပေါ် အစိုးရ၏ ဝန်ပိမှုအနည်းဆုံး ဖြစ်စေရမည်။

၆။ ပုဂ္ဂလိကပိုင်ဆိုင်ခွင့်

ပုဂ္ဂလိကပိုင်လုပ်ငန်းများ၊ ကုမ္ပဏီများ၏ ပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုရမည်။ ကာကွယ်စောင့်ရှောက်ပေးရမည်။ ပိုင်ဆိုင်မှုဟုဆိုရာတွင် သိသာမြင်သာသည့် ပစ္စည်းပစ္စယတွေသာမကပါ။ မူပိုင်ခွင့်တွေ၊ တံဆိပ်တွေ၊ နာမည်တွေပါ ပါသည်။



mgyoe.com

mgyoe.com



၇။ စိတ်ချအားကိုးရလောက်သော လမ်းပန်းဆက်သွယ်ရေး

အရောင်းအဝယ်လုပ်ဖို့၊ ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေ ဈေးကွက်ကို အချိန်မီ အရောက်ပို့ဖို့ အရေးကြီးသည်။ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အား၊ အာမခံ၊ စာရင်းကိုင်လုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် အခြားအခြေခံလိုအပ်ချက်များ မပြည့်စုံလျှင် ထိုက်ထိုက်တန်တန် လုံလုံလောက်လောက် အကျိုးမရှိနိုင်။

၈။ အဆင့်မြင့် ကုန်ထုတ်စွမ်းအားစုများ ရရှိနိုင်ရမည်။

ရင်းနှီးမြှုပ်နှံသူတွေက အရင်းအနှီးတွေ၊ အတတ်ပညာ၊နည်းပညာတွေ၊ စီမံခန့်ခွဲမှုပညာတွေ ယူလာကြတာတော့ မှန်သည်။ သူတို့ယူလာတာတွေနှင့်ချည်း မပြည့်စုံ။ ယူလာလို့ မရတာတွေရှိသည်။ ပြည်တွင်းကလည်း ကုန်ကြမ်းလို အရေးပါသည့်ပစ္စည်း ပစ္စယတွေ၊ ကောင်းကောင်းမွန်မွန်၊ လုံလုံလောက်လောက် ရရှိနိုင်သည်။

၉။ ခိုင်မာသော ပြည်တွင်းငွေကြေး

ပြည်တွင်းငွေကြေး၏ တန်ဖိုးတည်ငြိမ်ရမည်။ ဒေါ်လာတွေယူလာပြီး မြှုပ်နှံသည်မှာမှန်သော်လည်း ပြည်တွင်းကအသုံးအဆောင်တွေ၊ စက်ရုံအလုပ်ရုံတွေ၏ တန်ဖိုးကျသွားလျှင် မူလအရင်းအနှီး၏ တစ်စိတ်တစ်ဒေသကို ထိခိုက်သည်။

၁၀။ အမြတ်မဟုတ် ပြန်ပို့ခွင့်

အကျိုးအမြတ်တွေရသော်လည်း ပြန်သယ်ခွင့် ပြန်ပို့ခွင့်မရလျှင် မည်သူမျှမရင်းနှီးချင်၊ အကျိုးအမြတ်တွေ၊ အမြတ်ဝေစုတွေ၊ အတိုးတွေ ပြန်ပို့ခွင့်ရှိရမည်။



mgyoe.com

mgyoe.com



၁၁။ အခွန်စနစ်

စီးပွားရေးလုပ်ငန်းတွေ လုပ်သာကိုင်သာသောအခွန်စနစ်ရှိရမည်။ မရောက်သေးသော အရင်းအနှီးတွေ ရောက်လာအောင် ဆွဲဆောင်ဖို့သာမက သေး၊ တကယ်အလုပ်လုပ်လျှင် လုပ်သာကိုင်သာသော အခွန်စနစ်ရှိမှသာ လာရောက်မြှုပ်နှံဖို့ အပြီးသတ် ဆုံးဖြတ်ချက်ချကြသည်။

၁၂။ ဈေးကွက်များအကြား လွတ်လပ်စွာလှုပ်ရှားခွင့်

နိုင်ငံတစ်ခုကနောက်တစ်နိုင်ငံ၊ဈေးကွက်တစ်ခုကနောက်ဈေးကွက်တစ်ခုကိုကုန်စည်နှင့် ဝန်ဆောင်မှုတွေ ရွှေ့နိုင် ပြောင်းနိုင်စေရမည်။ သို့မှသာထိုကုမ္ပဏီတစ်ခုအတွက်စွမ်းဆောင်ရည်အမြင့်ဆုံးအခြေအနေကိုရောက်နိုင်မည်။

(၃)

ဟူး ... ဘယ်လွယ်လို့လဲဟု ပြောမည်။ မလွယ်တာတွေကို မလွယ်သည့်အတိုင်းထား၍မရ၊ လွယ်အောင်လုပ်မှရမည်။ လုပ်လည်း လုပ်နိုင်သည်။ ညောင်ဦးကမ်းပါးပြိုတာနဲ့ စပွါနဂိုရ်ကန္တားမ ပေါင်ကျိုးတာ ဘာဆိုင်လို့လဲဆိုသော မေးခွန်းတွေ ခေတ်မမီတော့ပါ။ မြောက်ဝင်ရိုးစွန်းနဲ့ တောင်ဝင်ရိုးစွန်းဆိုတာ နီးနီးကလေးပါ။

ရွေးချယ်စရာ အခြားလမ်းမရှိပါ။

<u>ရင်းနှီးမှ မြှုပ်နှံ၊ မြှုပ်နှံမှ ရင်းနှီးသတဲ့</u>

*ညွှန်း – **Economic Reform Today, 1997*** ।



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စီးပွားရေးလေယာဉ်ပျက်ကျလျှင်?

(၁)

တစ်ခါက ကားဆရာတစ်ယောက်နှင့် အနေးမောင်းအမြန်မောင်းသည့် အကြောင်းတွေ ဆွေးနွေးဖူးသည်။ သူက အနေးမောင်းရတာကိုမကြိုက်၊ ပျင်းရိငြီးငွေ့စရာကောင်းသည်၊ အာရုံပြန့်လွင့်သည်၊ စိတ်စုစည်းမှုမရှိ၊ သတိမရှိ၊ သတိမရှိတော့ မတော်တဆထိခိုက်မှုတွေများနိုင်သည်။ မြန်မြန်မောင်းရတာ သတိအထားရဆုံး၊ သတိအကြီးဆုံးဖြစ်သည်။ မြန်မြန်လည်းမောင်း၊ သတိလည်းကြီးကြီးထားတာ အကောင်းဆုံးပဲ၊ မတော်တဆ ထိခိုက်တာတွေက နှေးနှေးမောင်းလည်းဖြစ်တာပဲ၊ မြန်မြန်မောင်းလည်း ဖြစ်တာပဲ၊ ကိုယ်ဘယ်လောက်မှန်နေနေ သူများဝင်တိုက်ရင်လည်း ခံရနိုင်တာပဲဟု ပြောသည်။

mgyoe.com

mgyoe.com



တစ်ခါကလည်း ကားထဲမှာ ထိုင်နေရင် ခါးပတ်ပတ်ထားဖို့ ခါးပတ်မပတ်လည်း ကားတိုက်နိုင်တယ်။ ခါးပတ်ပါလည်း ကားတိုင်ချင်တိုက်မယ်၊ ခါးပတ်နဲ့ကားတိုက်တာနဲ့ ဘာမှမဆိုင်ဘူး။ ဒါပေမယ့် ခါးပတ်မပါရင် ကားတိုက်တဲ့ဒဏ် ပြင်းပြင်းထန်ထန် ခံရမယ်။ ခါးပတ်ပါရင် ခံရတဲ့ဒဏ် သက်သာမယ်ဟု ဥပမာပေးထားသော ဆောင်းပါးတစ်ပုဒ်ကို ဖတ်ဘူးသည်။

အထူးသဖြင့် အရှိန်မြန်မြန်ကားမောင်းမည်ဆိုလျှင် ခါးပတ်ပတ်ထားတာ သတိကြီးကြီးထားတာ အကောင်းဆုံးဖြစ်မည်။ ခရီးလည်းတွင်သည်။ အန္တရာယ်လည်း ကင်းသည်။

(၂)

အာရှဒေသ စီးပွားရေး အကြပ်အတည်းကြောင့် အာရှဒေသကလူတွေ နိုးနိုးကြားကြား တက်တက်ကြွကြွ ဖြစ်လာကြသည်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးတွေ၊ ပြုပြင်ပြောင်းလဲရေးတွေ လုပ်လာကြသည်။ သင်ခန်းစာတွေလည်း အတော်အတန်ရကြသည်။

သင်ခန်းစာတစ်ခုက ကမ္ဘာ့အရင်းအနှီးဈေးကွက်၏ ခြေလှမ်းများကို မည်သူမျှ မတားဆီးနိုင်ပါ။ နောက်တစ်ခုက ကမ္ဘာ့အရင်းအနှီးဈေးကွက်၏ ရုတ်တရက် ငြင်းပယ်မှုခံရလျှင် ရှင်သန်နိုင်ဖို့ခက်သည်။

ကိုယ်က မော်တော်ကားလောက် ခါးပတ်လောက်သာ စဉ်းစားနေချိန်တွင် သူတို့က ကမ္ဘာ့အရင်းအနှီးဈေးကွက်ကို ဂျက်လေယာဉ်နှင့် နှိုင်းပြကြသည်။ ကမ္ဘာ့ငွေကြေးဈေးကွက်သည် ဂျက်လေယာဉ်နှင့်တူသည်။ ကမ္ဘာ့ငွေကြေးဈေးကွက်များကြောင့် ကိုယ်သွားချင်သည့်နေရာကို မြန်မြန်ရောက်



mgyoe.com

mgyoe.com


သည်။ သက်တောင့်သက်တာ ရောက်သည်။ အများအားဖြင့် အန္တရာယ်လည်း ပိုကင်း ပိုစိတ်ချရတတ်သည်။

သို့သော် ပျက်ကျပြီဆိုလျှင်တော့ ခံပေရော့။

ဒီလိုဆိုရင် ဂျက်လေယာဉ်ပေါ်တာ မကောင်းဘူးလား?

ဂျက်လေယာဉ်စီးတာ မကောင်းလား? စဉ်းစားဉာဏ်ရှိသူ မည်သူကမျှ ဂျက်လေယာဉ်ပေါ်တာ မကောင်းဘူး၊ ဂျက်လေယာဉ်စီးတာ မကောင်းဘူး ဟု ပြောကြမည်မထင်ပါ။ သို့သော် လုပ်ထုံးလုပ်နည်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ လုံခြုံစိတ်ချရဖို့ ဘေးအန္တရာယ်ကင်းစေဖို့တွေကို ပြောကြပါလိမ့်မည်။

ယခုရာစုနှစ်တွင် ငွေကြေးအကြပ်အတည်းပေါင်းများစွာကို ကျွန်တော်တို့ ကြုံတွေ့ခဲ့ကြဖူးပါသည်။ အထူးသဖြင့် ရာစုနှစ်ကုန်ခါနီးတွင် အကြပ် အတည်း အတော်များများ ကြုံခဲ့ကြရသည်။ အကြပ်အတည်းဒဏ်ခံရသော နိုင်ငံများအတွက် ဒဏ်ရာဒဏ်ချက်တွေ ပြင်းသည်။ နာရီကို နောက်ပြန်လှည့်လို့ရလျှင် စည်းမျဉ်းစည်းကမ်းအသစ်တွေ ပြဋ္ဌာန်းကြမည်လား? နိုင်ငံခြားက ချေးယူသည့်ငွေတွေကို ထိမ်းချုပ်ကြမည်လား? မကြာသေးမီက ငွေကြေးပြဿနာဖြစ်သည့် နိုင်ငံတွေထဲ၌ သူများဆီက ချေးရသော နိုင်ငံတွေသာမက ကိုယ့်အရင်းအနှီးကို ပြည်ပသို့ ချေးနိုင်ငှားနိုင်သော နိုင်ငံတွေပါ ပါနေသည်။

ခုဝင်၊ ခုထွက်၊ ခုရောက်၊ ခုပြန်သော "ငွေမြန်" တွေအပေါ် စိုးရိမ်သောကမကင်း ဖြစ်တတ်ကြသော်လည်း အခြားတစ်ဖက်၌ 'ငွေမြန်' တွေ ကိုယ့်ဆီ မလာချင်လာချင်အောင်၊ မရောက်ရောက်အောင် ကြိုးစားဆွဲဆောင်နေကြသည်။


mgyoe.com

mgyoe.com


ဤအကြပ်အတည်းများကို မည်သို့တုန့်ပြန်ဖြေရှင်းကြမည်ကို စဉ်းစားရာတွင် ဘယ်နေရာကစပြီး စဉ်းစားကြမှာလဲ။ နီးနီးနားနား အပေါ်ယံကြောကမစဘဲ ရှည်ရှည်ဝေးဝေး၊ နက်နက်ရှိုင်းရှိုင်း၊ အခြေခံကစပြောလျှင် ပိုကောင်းမည်။

အခြေခံကစလျှင် အခြားနိုင်ငံခြားသားဆိုတာ အသာထားပါဦး။ မိမိနိုင်ငံသားများ၏ ယုံကြည်စိတ်ချမှုကို ရရှိအောင်၊ ရရှိပြီးလျှင် ဆက်လက်ထိန်းသိမ်းထားနိုင်အောင် ခိုင်မာတောင့်တင်းသော နိုင်ငံအဆင့် စီးပွားရေးအခြေခံများကစ၍ ပြောရမည်။ ဒုတိယအနေဖြင့် စရိတ်သက်သက်သာသာ ဈေးပေါပေါဖြင့် အရင်းအနှီးရအောင် ကြိုးစားရာမှ တွဲပါလာတတ်သော အန္တရာယ်ကြီးသည့် အလေ့အထတွေကို ရှောင်ရှားနိုင်အောင် အကာအကွယ်အရံအတားတွေရှိဖို့ ဖြစ်သည်။

ပြည်ပငွေပေးငွေယူ ရှင်းတမ်းတွင် အဓိကအားဖြင့် သာမန်စာရင်းနှင့် ငွေလုံးငွေရင်းစာရင်းဟူ၍ နှစ်ပိုင်းပါသည်။ ငွေလုံးငွေရင်းအပိုင်းကို လွတ်လွတ်လပ်လပ်စွာ ဝင်ခွင့်ထွက်ခွင့် ပြုလိုက်ခြင်းသည် ထုတ်လုပ်မှုစွမ်းအား အမြင့်မားဆုံးလုပ်ငန်းများသို့ အရင်းအနှီး သွားရောက်မြှုပ်နှံခွင့် ပြုလိုက်သည့် အဓိပ္ပါယ်ပင်ဖြစ်သည်။ ကိုယ်အကျိုးရှိမည့်နေရာနှင့် လုပ်ငန်းကို ကိုယ့်ဟာကိုယ် ရှာခိုင်းလိုက်သည့်သဘော ဖြစ်သည်။

ထိုသို့ခွင့်ပြုလိုက်ပြီဆိုလျှင် တကယ့်စီးပွားရေးအခွင့်အလမ်းကောင်းတွေကို ငွေအရင်းအနှီးတွေက လိုက်ရှာကြလိမ့်မည်။ သို့သော် တစ်ဖက်က အစာရှာပြီး တစ်ဖက်က လေးခွကိုကြည့်ရသေးသော ကျီးကန်းတွေလို၊ အစိုးရ၏ အာမခံချက်တွေ ဖြစ်နေကျ တွေ့နေကျ အန္တရာယ်မျိုးတွေ မဖြစ်နိုင်ပါဟူသော စိတ်ချယုံကြည်မှုတွေရှိဖို့ လိုသည်။


mgyoe.com

mgyoe.com



အတိတ်က ထပ်ခါတလဲလဲ မှားခဲ့ကြသလို အာရှ၏ သင်ခန်းစာကို ကြည့်လျှင် ကိုယ်ပေးသည့် မက်လုံးတွေက အလွဲလွဲအချော်ချော်ဖြစ်၊ ကိုယ်ရောက်စေချင်သည့်နေရာကို အရင်းအနှီးတွေရောက်အောင် မခေါ်နိုင်၊ ဖြစ်စေချင်တာက တခြား၊ ဖြစ်တာကတခြားတွေ ဖြစ်သည်။ ဖွင့်လိုက်တော့ အရင်းအနှီးတွေ ဝင်လာသည်။ သို့သော် ကိုယ်ဝင်စေချင်သည့်နေရာမှာမဟုတ်။ ကိုယ်ရောက်စေချင် ဖြစ်စေချင်သလို ပြည်တွင်းမှာ စည်းမျဉ်းစည်းကမ်းတွေ ကြိုးကြပ်မှုတွေက ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်မရှိ။

အခုလိုပြောလို့ ဂျက်လေယာဉ်တွေကို အမြန်နှုန်းလျှော့ပြီး မောင်းခိုင်းကြမည်လား? ငွေလုံးငွေရင်း စီးဝင်စီးထွက်ခွင့်တွေ ဖြည်းဖြည်းပဲ ခွင့်ပြုကြမည်လား? အရှိန်လျှော့ဖို့ထက် ကိုယ်လိုချင် ရောက်စေချင်သည့်နေရာ၊ အကျိုးရှိမည့်နေရာတွေကို ရောက်အောင် ပို့ပေးနိုင်သော ပတ်ဝန်းကျင်တွေ ဖန်တီးပေးကြရသည်။ အကျိုးများမည့်နေရာတွေမှာ အရင်းအနှီးရောက်စေရမည်။ ရောက်အောင်မလုပ်နိုင်လျှင် သူ့အပြစ်မရှိ၊ ကိုယ့်ဘက်က အားနည်းချက်ရှိလို့ ဖြစ်သည်။

တစ်ဖက်က အရင်းအနှီးတွေ စီးဝင်လာတာကို မြန်မြန်ဆန်ဆန် ခွင့်ပြုရသလို တစ်ဖက်ကလည်း ပြည်တွင်းဘဏ္ဍာရေးစနစ် ခိုင်မာတောင့်တင်းဖို့လိုသည်။ အရင်းအနှီးလည်း မြန်မြန်ဝင်၊ ဘဏ္ဍာရေးစနစ်လည်း မြန်မြန်ခိုင်မာလျှင် အကောင်းဆုံးဖြစ်သည်။ နှစ်ခုစလုံး နှေးနေလျှင် အညံ့ဆုံးဖြစ်သည်။ မက္ကဆီကိုနိုင်ငံသည် (၁၉၉၅) ခုနှစ်နောက်ပိုင်း၌ စီးပွားရေး မြန်ဆန်တိုးတက်မှုနှင့် ပြည်တွင်းဘဏ္ဍာရေးစနစ် ခိုင်မာတောင့်တင်းမှုတို့ ရှိနေပြီ။ အာရှတွင် အမြန်ဆုံးတိုးတက်ပြီး ဘဏ္ဍာရေးစနစ် အခိုင်မာဆုံးနိုင်ငံ ( ဥပမာ – စင်္ကာပူ) သည် စီးပွားရေးအကြပ်အတည်းဒဏ်ကို အနည်းဆုံးခံရသည်။ တစ်ဖက်နှင့်



mgyoe.com

mgyoe.com


တစ်ဖက် ဘက်မျှတော့ လုံးဝဘေးမလွတ်သည့်တိုင် ဒဏ်ရာဒဏ်ချက်နည်းသည်။

နိုင်ငံခြားအရင်းအနှီးများကို တစ်ဖက်က လွတ်လပ်မှုပေးရာ၌ အခြားတစ်ဖက်ကလည်း အခြေခံကျကျ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားလျှင် ကြီးကြပ်ထိန်းကျောင်းရေးအစီအမံများရှိလျှင် အကျိုးမဖြစ်ထွန်းသည့် စီးဆင်းမှုများကို ဟန့်တားနိုင်သည်။ ထိန်းချုပ်နိုင်သည်။

ဘယ်အချိန်မှာ ဘယ်အတိုင်းအတာအထိ ငွေကြေးဈေးကွက်ကို လွတ်လပ်ခွင့်ပြုမည်ဆိုသည့်နေရာတွင် တစ်ယောက်နှင့်တစ်ယောက် သဘောကွဲလွဲနိုင်သည်။ သို့သော် ဝင်လာသည့်အရှိန်ကို တားဖို့တော့မဟုတ်။

ကမ္ဘာ့ငွေကြေးစနစ် တောင့်တင်းခိုင်မာဖို့ စိတ်ချယုံကြည်အားထားရဖို့အတွက် ပြည်တွင်းဈေးကွက်က စရသည်။ သို့သော် ပြည်တွင်းဈေးကွက်မှာသာ မဆုံးပါ။ နိုင်ငံတကာငွေကြေးစနစ်ကိုကြည့်ပြီး ပြောင်းသင့်တာတွေ လိုက်ပြောင်းကြရသည်။

တကယ်တော့ ဖွံ့ဖြိုးပြီးနိုင်ငံမှာရော ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာပါ ဖြစ်သမျှအကြပ်အတည်းတွေ၊ အရင်းအနှီးစီးဆင်းမှု များလာသည်နှင့်အမျှ များလာမည့်ပြဿနာတွေအတွက် လိုအပ်သမျှကို ထုတ်ဈေးနိုင်၊ ထောက်ပံ့နိုင်မည့် အဖွဲ့အစည်းမရှိသေးပါ။ ငွေကြေးလည်း လုံလုံလောက်လောက် မရှိသေးပါ။ ကိုယ့်ပြဿနာကို ကိုယ့်ဖာသာ အဓိကဖြေရှင်းကြရမည် ဖြစ်ပါသည်။

အရေးအကြီးဆုံး လူပြောအများဆုံးက "မြင်သာထင်သာ" (**transparency**) ရှိဖို့ပါ။ ဈေးကွက်နှင့်ပတ်သက်၍ အကြီးမားဆုံး တီထွင်မှုတစ်ခုမှာ အများလက်ခံထားသော စာရင်းကိုင်လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်း ဖြစ်သည်။ နိုင်ငံတကာ စီးပွားရေးနယ်ပယ်မှာလည်း ထိုသို့


mgyoe.com

mgyoe.com



ပင်ဖြစ်သည်။ ကုမ္ပဏီများ၊ ဗဟိုဘဏ်များအနေဖြင့်လည်း ထိုသို့ပင် ဖြစ်ရမည်။ ဗဟိုဘဏ်တစ်ခုအနေဖြင့် သူ့လက်ထဲရှိ သီးသန့်ရံပုံငွေပမာဏကိုသာ ဖေါ်ပြသော်လည်း ထိုသီးသန့်ရံပုံငွေများအတွက် မည်မျှ ဝန်လေးနေရသည်ကို ဖေါ်ပြခြင်းမပြုလျှင် အဓိပ္ပါယ်ရှိမည်မဟုတ်ပေ။ ဘဏ္ဍာရေးစနစ်များ တောင့်တင်းခိုင်မာအောင် ပြုလုပ်ရာ၌ စနစ်တကျ ထုတ်ချေးတတ် ချေးယူတတ်ဖို့၊ ဘဏ်တစ်ခုက ကိုယ့်အလိုဆန္ဒအတိုင်း ထုခွဲနိုင်သော ပိုင်ဆိုင်မှုများ၏ အရည်အသွေးကို သတ်မှတ်ပေးဖို့ စည်းမဲ့ကမ်းမဲ့ ကိုယ့်သဘောနဲ့ကိုယ် လုပ်နေတာတွေကို ထိန်းချုပ်ဖို့လုပ်ငန်းများပါ ပါဝင်သည်။

တစ်ဖန် မူဝါဒချမှတ်သူများအနေဖြင့် တစ်ဖက်၌ အကန့်အသတ်မဲ့ ပရမ်းပတာဖြစ်မှုများ၊ အခြားတစ်ဖက်က ကမ္ဘာ့ဘဏ်လို့ နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့တွေထံက အကူအညီတောင်းရမှုများတည်းဟူသော ကျဉ်းထဲကြပ်ထဲ ရောက်မနေစေရဖို့ အရေးကြီးသည်။ ယနေ့ဆိုလျှင် ထိုပြဿနာနှစ်ခုကြားထဲတွင် ချောင်ပိတ်မိနေကြသည်။

ငွေကြေးလုပ်ငန်းတစ်ခု နှစ်ခု ပြိုကွဲရသည့်အတွက် ဘဏ်စနစ်ကြီးတစ်ခုလုံး ပြိုလဲမသွားစေရန် အစီအမံများ ရှိရမည်။ ဒေဝါလီခံ ဥပဒေများ သတ်သတ်မှတ်မှတ်ရှိရမည်။ ဥပဒေအတိုင်းလိုက်နာအောင် ကြီးကြပ်မှုများ ရှိရမည်။ ဥပဒေရှိသော်လည်း ဥပဒေအတိုင်းလိုက်နာအောင် ကြီးကြပ်မပေးနိုင်လျှင် အကျိုးမထူး။ နိုင်ငံ၏ ပြည်ပကြွေးမြီများနှင့်ပတ်သက်လျှင် မည်သို့ ဖြေရှင်းမည်ကိုလည်း ကြိုတင်စဉ်းစားထားရလိမ့်မည်။

မည်မျှပင် အကာအကွယ် အရံအတားတွေထားနေနေ၊ ပြဿနာများ၊ ဆုံးရှုံးမှုများ တွေ့ကြရမည်သာဖြစ်သည်။ ထိုပြဿနာများ ဆုံးရှုံးမှုများနှင့်တွေ့လျှင် မည်သို့ဖြေရှင်းမည်ဟု ထွက်ပေါက်ရှာထားကြရပေလိမ့်မည်။



mgyoe.com

mgyoe.com


ကမ္ဘာ့အရင်းအနှီးဈေးကွက် ပုံမှန်လည်ပတ်ရေးအတွက် နိုင်ငံ၏ စီးပွားရေးအခြေခံကိုကြည့်ပြီးမှ ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ရပေလိမ့်မည်။ အရေးအကြောင်းပေါ်လာခဲ့သော် နိုင်ငံတကာမှ အကူအညီရနိုင် မရနိုင်ကိုပါ ထည့်တွက်ကြရပါမည်။

(၃)

တစ်ချို့က မြန်မြန်ဆန်ဆန်ခရီးနှင်လျှင် တည်ငြိမ်မှုပျက်ပြားမည်ကို စိုးရိမ်ကြသည်။ ဂျက်လေယာဉ်ပေါ်တွင် စီးနင်းကာခရီးနှင်သူများအနေဖြင့် လှည်းစီးရသည်ထက် တည်ငြိမ်မှုရှိသည်ကို တွေ့ရသည်။

လေယာဉ်ပျက်ကျမှုတွေကြောင့် လေယာဉ်တွေမစီးရ၊ လေယာဉ်တွေ မဆင်းရဟု တားဆီးနေ၍မဖြစ်။ လုံလုံခြုံခြုံ စိတ်စိတ်ချချ စီးရအောင် အန္တရာယ်ဖြစ်လာလျှင် ဖြေရှင်းနိုင်အောင်သာ ဉာဏ်မျက်စေ့၊ အတတ်ပညာမျက်စေ့ရှိသမျှ ပြင်ဆင်တွက်ဆထားကြရမည်။

ညွှန်း – **Lawnence Summers,**
**"Go with the flow" Business times Mar 18, 1998.**


mgyoe.com

mgyoe.com

# အကြပ်အတည်းဈေးကွက်

(၁)

အာရှတိုက်၌ စီးပွားရေးအကြပ်အတည်းနှင့် ဘဏ္ဍာရေးအကြပ် အတည်းများ ကြုံတွေ့ရသောအခါ လိုအပ်ရာကို မျက်စေ့ကျသည့် ပညာရှင်များ၊ လုပ်ငန်းရှင်များက အကြပ်အတည်းကိုအကြောင်းပြု၍ လှုပ်ရှားလာကြသည်။ ပညာရှင်များက အကြပ်အတည်းကို မည်သို့ရင်ဆိုင်ဖြေရှင်းနိုင်ကြောင်း ဟောပြောကြ၊ ရေးသားကြသလို လုပ်ငန်းရှင်များကလည်း အကြပ်အတည်းကို အကြောင်းပြု၍ စီးပွားရှာလာကြသည်။

အကြပ်အတည်းဟု တရုတ်ဘာသာဖြင့်ရေးထားသော အက္ခရာနှစ်လုံး၌ တစ်လုံး၏ အဓိပ္ပါယ်က အန္တရာယ်ဟုဖြစ်နေပြီ။ နောက်တစ်လုံးက အခွင့်



mgyoe.com

mgyoe.com


အလမ်းဟု အဓိပ္ပါယ်ထွက်နေသည်။ အကြပ်အတည်းဟုဆိုသဖြင့် တစ်ဖက်က အန္တရာယ်ရှိသလို တစ်ဖက်ကလည်း အခွင့်အလမ်းတွေ ရှိနေသည့်သဘောကို ဆောင်သည်။

အာရှမှာ ယခုလိုအကြပ်အတည်း ကြုံသလို ယခင်ကလည်း ကြုံခဲ့ကြဘူးသည်။ ( ၁၉၉၅ ) ခုနှစ်ခန့်က မက္ကဆီကိုနှင့် အာဂျင်တီးနားမှာ တွေ့ခဲ့ဘူးသည်။ အမေရိကန်ပြည်ထောင်စုဆိုလျှင် ဒါမျိုးတွေရိုးနေပြီဟုပင် ဆိုနိုင်သည်။ ( ၁၉၇၄ – ၇၅ ) ခုနှစ်ကတစ်ကြိမ်၊ ( ၁၉၈၁ – ၈၂ ) ကတစ်ကြိမ်၊ ( ၁၉၉၀ – ၉၁ ) မှာတစ်ကြိမ်။ ပြီးတော့လည်း ထူထူထောင်ထောင် ပြန်ဖြစ်လာခဲ့ကြသည်။

## (၂)

စီးပွားရေး အကြပ်အတည်းနှင့် ကြုံခိုက်တွင် နိုင်ငံများရော၊ လုပ်ငန်းများပါ အသုံးစရိတ်တွေ လျှော့ချကြသည့် ထုံးစံရှိသည်။ အသုံးစရိတ်တွေ၊ မလျှော့ရဟု မြင်သည့်သူလည်းရှိသည်။ ( ၁၉၇၄ – ၇၅ ) ခုနှစ်က အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးကျဆင်းနေချိန်၌ သူများတွေ ကြော်ငြာခချွေတာသော်လည်း ကြော်ငြာခမချွေတာပဲ ဆက်လက်ကြော်ငြာနေသော လုပ်ငန်းများသည် စီးပွားရေးအကြပ်အတည်းတွင်လည်းကောင်း၊စီးပွားရေးအကြပ်အတည်းလွန်သွားသောအခါ၌လည်းကောင်း၊ အရောင်းပမာဏ အမြင့်မားဆုံး ဖြစ်သည်။ တစ်ဖက်၌ ကြော်ငြာစရိတ်ချွေတာသော လုပ်ငန်းများသည် အကြပ်အတည်းကာလတွင် ရောင်းရငွေနည်းပါးပြီး အကြပ်အတည်းလွန်တော့လည်း အရောင်းတက်နှေးသည် ဟု ဆိုပါသည်။ သူပြောတာကို သဘောကျသော်လည်း ပြော


mgyoe.com

mgyoe.com



သူက ကြော်ငြာလုပ်ငန်းတွေ သတင်းစာတွေ ဖြစ်နေ၍ သတိထားပြီး စဉ်းစားရပါမည်။

တစ်နေ့က ဖတ်လိုက်ရသော ကြော်ငြာကြီးနှစ်ခုအကြောင်းကို ပြောပြချင်ပါသေးသည်။

အာရှဝေါစထရိဂျာနယ်၊ စာမျက်နှာ (၁၀) တွင် ကာသေ့ပစိဖိတ်လေကြောင်းလိုင်း၏ ကြော်ငြာကြီး ထောင်လိုက်မျက်နှာပြည့် ကြော်ငြာထားသည်။ လူ (၂) ယောက် ဟောင်ကောင်ကို ပို့ပေးမည့် မဟာအခွင့်အရေးကြီး အကြောင်းဖြစ်သည်။ ဟောင်ကောင်မှာ (၃) ညအထိ ဟိုတယ်စီစဉ်ပေးထားသည်။ လေယာဉ်ခရော၊ တည်းခိုစရိတ်ပါ အပြီးအစီး၊ ဘန်ကောက်မှ ဘတ် (၁၂,၅၀၀)၊ ကွာလာလမ်ပူမှ မလေးရှားရင်းဂျစ်ငွေ ( ၁၆၈၈)၊ မနီလာမှ (၅၂၄) ဒေါ်လာ၊ အင်ဒိုနီးရှားမှ (၆၆၆) ဒေါ်လာ၊ အားလုံး (၃၇) မြို့အတွက် စီစဉ်ထားခြင်းဖြစ်သည်။ ယနေ့မှစ၍ စီစဉ်နိုင်ပြီး နိဝင်ဘာလ (၂၇) ရက်နေ့ နောက်ဆုံးထားပြီး စာရင်းသွင်းနိုင်သည်။

ထိုကြော်ငြာကို အစိမ်းရောင်ရိုက်နှိပ်ထားသည်။ နောက်တစ်မျက်နှာ၊ စာမျက်နှာ (၁၁)၌ ၄င်းကြော်ငြာကိုပင် အမဲရောင်ထပ်ရိုက်ထားသည်။ ကြော်ငြာပေါ်မှာ ကန့်လန့်ဖြတ်ပြီး “ရောင်းကုန်ပြီ” တဲ့။ အကြီးအကျယ် အားပေးကြ၍ ကျေးဇူးတင်ပါသည်။ လူပေါင်း (၇) သောင်းကျော် ဝယ်ယူအားပေးခဲ့ကြသော အစီအစဉ်ကို လွတ်သွားသူများ ကံဆိုးသူများအတွက် ဝမ်းနည်းပါသည် ..တဲ့။

သတင်းစာတစ်စောင်ထဲမှာ ကြော်ငြာ (၂) ခုစလုံး ထည့်ထားခြင်းဖြစ်သည်။ ဘာလုပ်တာလဲဟု မေးကြည့် ဖြေကြည့်စေချင်ပါသည်။

ကျွန်တော့်မျက်စေ့ထဲတွင် ဆောက်လုပ်ရေးခေတ် ကုန်ခါနီး၌



mgyoe.com

mgyoe.com


တိုက်ခန်းတွေအားလုံးနီးပါး တိုးတိုးတိတ်တိတ် ရောင်းထားပြီးမှ သတင်းစာထဲ ထကြော်ငြာ၍ ရုတ်ရုတ်သဲသဲ ဖြစ်သွားသော ဈေးကွက်ကိုပြေးပြီး မြင်ယောင်လိုက်သည်။

နောက်ကြော်ငြာတစ်ခုမှာ လောင်စာချွေတာ ဓာတ်အားချွေတာသော မီးသီးကြော်ငြာဖြစ်သည်။ ထိုင်းရိုးရာ ဟာသတစ်ခုကို အခြေခံသည်။ စီးပွားရေးအကြပ်အတည်းနှင့် ကြုံသည့်အခါ သားငါးဝယ်မစားနိုင်ကြ၍ ငါးတစ်ကောင်ကို အခြောက်လှမ်းထားပြီး ထမင်းစား စားပွဲအပေါ် တွဲလောင်းဆွဲချထားသည်။ ထိုအခါ ထမင်းချည်းစားရတာမဟုတ်၊ ငါးဟင်းနဲ့ စားရတာဟု စိတ်ကူးယဉ်ကာ မြိန်မြိန်ကြီး စားနိုင်သည်တဲ့၊ မီးသီးကြော်ငြာက ထိုဟာသကို ယူပြီး အသုံးချထားသည်။ "ဓာတ်အားခသက်သာတဲ့ မီးသီးသာ စောစောစီးစီးကဝယ်သုံးခဲ့ရင် ပိုက်ဆံအများကြီး စုမိမှာပဲ" ဟု ငါးက လှမ်းစကားပြောသည့်ပုံပြင် ကြော်ငြာထားသည်။

ထိုကြော်ငြာကို ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အား အာဏာပိုင်အဖွဲ့အတွက် ဘန်ကောက်ရှိ အိုဂိုဗီနှင့် မာသာကုမ္ပဏီခွဲက အနုပညာ ဒါရိုက်တာ၊ နခွမ်ကုကိုဆာက လက်စွမ်းပြထားခြင်းဖြစ်သည်။ ထိုကြော်ငြာကို သဘောကျလှသဖြင့် ဒါမျိုး ကြော်ငြာလေးတွေ လုပ်ပေးပါဦးဟု ဝိုင်းပြီး အလုပ်အပ်ကြသောသူတွေ မနိုင်အောင်ကို ဖြစ်နေသည်။

ဇီးမင်း ဆဲလ်လူလာတယ်လီဖုံးကုမ္ပဏီကလည်း အကြပ်အတည်းတွေကြားထဲမှာ ခေါင်းအေးအေးထားနိုင်သူ၊ ထားတတ်သူတွေ၏ ဆက်သွယ်ရေးကရိယာအဖြစ် သူတို့တယ်လီဖုံးကို ကြော်ငြာပြန်သည်။ တစ်ချို့ ကြော်ငြာတွေက နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့ကို သရော်သလို မျိုးချစ်စိတ်ကို ဆွဲယူအသုံးချထားသည့် ကြော်ငြာတွေကလည်း အများကြီး။ ရှေ့တွင် ဖော်ပြခဲ့သည့်


mgyoe.com

mgyoe.com



စကားပြောသော ငါးမှာ ရိုးရာပုံပြင်ကို အသုံးချထားသည်။ ယုတ်စွအဆုံး စီးပွားရေးကျဆင်းကြောင်း ဖေါ်ပြထားသည့် သတင်းခေါင်းစဉ်များကိုပင်လျှင် ကြော်ငြာအဖြစ် အသုံးပြုကြသည်။

ဆွီဒင်နိုင်ငံ ဖော်လပိုကားကုမ္ပဏီကလည်း စတော့ ဈေးနှုန်းတွေ ကျဆင်းနေသည်။ ဂရပ်တွေနှင့် ကလေးတွေကိုတွဲပြီး တင်ဆက်သည်။ "ငွေကြေးအကြပ်အတည်းနှင့် တွေ့ချိန်တွင် ယင်း၏တန်ဖိုးအရှိဆုံးတွေကို လုံခြုံစိတ်ချရသည့်နေရာမှာထားပါ" ဆိုပြီး ကလေးတွေအတွက် သူ့ကားဝယ်စီးဖို့ ကြော်ငြာသည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၏ ကြော်ငြာမှာ "သူများကျချိန်မှာတက်ဖို့ စိတ်ကူးမယဉ် ကြောင်းကျိုးဆင်ခြင်ပါ" ဟူ၍ ဖြစ်သည်။

ထိုင်းအစိုးရကိုယ်နှိုက်ကပင်လျှင် ထိုင်းနိုင်ငံကို "ဦးမော့လာနေသည့် ထိုင်းနိုင်ငံ" ဟု ကြော်ငြာပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပြန်ဝင်လာစေရန် ဆွဲဆောင်သည်။ စုဆောင်းကြ၊ ချွေတာကြ၊ အလုပ်ကြိုးစားကြဖို့တွေ ကြော်ငြာသည်။

ကြက်တူရွေးဆပ်ပြာကုမ္ပဏီ၏ ကြော်ငြာထဲတွင် ထိုင်းမိသားစုတစ်ခုကို နိုင်ငံခြားသားတစ်ယောက်က 'ထ ထိုင်'၊ 'ဘယ်လှည့်'၊ 'ညာလှည့်'၊ 'ရှေ့ကြည့်'၊ 'နောက်ကြည့်'နှင့် အမိန့်တွေမျိုးစုံ ပေးနေသည်။ ထိုမိသားစုဝင် (၃) ယောက်၏ မျက်နှာပေးမှာ စီးပွားရေးအကြပ်အတည်းနှင့် နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့တို့၏ အစီအစဉ်ကြောင့် ဒုက္ခရောက်နေသည့် ထိုင်းမိသားစုများနှင့် အလွန်ဆင်တူသည်။ နိုင်ငံခြားသားပုံက နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့ကို ကိုယ်စားပြုသည်။ သူခိုင်းသမျှ ထိုင်းမိသားစုက တစ်ခွန်းမှပြန်မမေးဘဲ လိုက်လုပ်သည်။

ထို့နောက် ရေချိုးချိန်ဆိုပြီး နိုင်ငံခြားဖြစ်ဆပ်ပြာတစ်ခဲကို ထုတ်



mgyoe.com

mgyoe.com



ပေးသည့်အခါ မိသားစုက ခေါင်းခါပြသည်။ သားငယ်ဖြစ်သူက ထိုင်းပြည်တွင်းဖြစ်၊ ကြက်တူရွေးတံဆိပ်ဆပ်ပြာချောင်းတစ်ချောင်း ထုတ်ပြသည့်အခါ နိုင်ငံခြားသားကြီး 'ပြာ' သွားသည့်ပုံ ဖြစ်သည်။ ထိုကြော်ငြာကြောင့် မူလက ဈေးကွက်၏ (၁၃) ရာခိုင်နှုန်းကိုသာ ထိုးဖောက်ရာမှ (၅၀) ရာခိုင်နှုန်းအထိ ထိုးဖောက်နိုင်ခဲ့သည်။

ရှမ္ဘန်တန်ဂရန်းဆုခွန်ဗစ်ဟိုတယ်က တစ်မျိုးကြော်ငြာသည်။ ထိုင်းစတော့ဒိုင်၏ အညွှန်းကိန်း (၁၉၉၆ ) ခုနှစ်ကထက် (၇၀) ရာခိုင်နှုန်းကျသွားသောအခါ စတော့ဒိုင်၏ အညွှန်းကိန်းအတိုင်း လူ (၂) ယောက်အတွက် ဟင်း (၃) မျိုးပါသည့် နေ့လည်စာရောင်းမည်ဟု ကြော်ငြာသည်။ ယခင်နေ့က အညွှန်းကိန်း ၃၉၉.၄၃ မှတ်မှာ ပိတ်သွားလျှင် နောက်တစ်နေ့တွင် ဘတ် (၃၉၉.၄၃ ) ဈေးနှုန်းဖြင့် နေ့လည်စာ ကောင်းကောင်းစားနိုင်သည်။ သို့သော် လူတွေက စတော့ဒိုင်၏ အညွှန်းကိန်းများကို တက်စေချင်ကြသည်။ စီးပွားတက်တာကိုသာ မြင်လိုကြသည်။ စီးပွားတက်လာ၍ နေ့လည်စာစရိတ်တက်သည်ကို မည်သူမျှ အပြစ်မမြင်ကြ။

တစ်ဖက်ကကြည့်လျှင် စီးပွားရေးအခြေအနေတွေ၊ စတော့ရှယ်ယာဈေးတွေကြည့်ပြီး ချွေချွေတာတာ ဆင်ဆင်ခြင်ခြင် သုံးစွဲဖို့ တစ်ချိန်လုံး နှိုးဆော်နေရာ ရောက်သည်။

## (၃)

သူများအကြောင်းတွေတော့ ဟုတ်ပါပြီ။ ကိုယ့်နိုင်ငံကရော ကိုယ့်လုပ်ငန်းတွေကရော ဘယ်လိုကြော်ငြာကြမလဲ? ဇာတ်လိုက်မင်းသား၊



mgyoe.com

mgyoe.com

☐ကမ္ဘာ့စီးပွားမြန်မာ့စီးပွား

မင်းသမီးက ကုမ္ပဏီတစ်ခုရဲ့ ဝန်ထမ်းဆိုပြီး ကုမ္ပဏီဆိုင်းဘုတ်ကြီးကို တစ်ချိန်လုံး ပြထားသည့် ဇာတ်လမ်းတွေ တွေ့နေရပြီ။ အရက်ကြော်ငြာနှင့် ဆေးလိပ်ကြော်ငြာတွေ ပိတ်လိုက်လျှင် ဇာတ်လမ်းထဲမှာ မကြာခဏ အရက်သောက်ပြပြီး ဆေးလိပ်သောက်ပြကြဦးမည်ကို မြင်ယောင်နေပါကြောင်း ....။

ညွှန်း – Asian Wall Street Journal
12 / 2 / 97



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မိုက်ကရိုမှမေကရိုသို့ တစ်ကျော့ပြန်

(၁)

ရယ်စရာတော့အကောင်းသား။

ကျွန်တော်ကရယ်နိုင်ပေမယ့် မရယ်နိုင်ပဲမော်နေမယ့်သူတွေက အများကြီး ...

ဒီတော့သူတို့အတွက်အမောလုံဆေးလေးတစ်ခွက်လောက် တော့ တိုက်ချင်သည်။ ဘာကြောင့်မောမော၊ အမောလုံရမယ်လို့အာမမခံ။



mgyoe.com

mgyoe.com



(၂)

တကယ်တော့ကျွန်တော်ဟာနိုင်ငံအဆင့်စီးပွားရေးပညာ၊ ဘောဂဗေဒပညာ (**Macro-economics**)ကိုအားသန်သူ၊ ဒါပေမယ့်လောလောဆယ်မှာ လုပ်ငန်းအဆင့်ထိဆင်းပြီးဈေးကွက်၏ပညာတွေ၊ ကြော်ငြာတွေ၊ စီမံခန့်ခွဲမှု တွေဖက် စာတတ်ကျနေ၍ မူလမေကရိုဘောဂဗေဒကိုပင်မေ့သလောက်ဖြစ်နေပါပြီ။ သို့သော်မိုက်ကရိုအဆင့်၊ လုပ်ငန်းအဆင့်တွေလေ့လာပြီးထွက်လာသည်။ ကောက်ချက်တစ်ခုရှိသည်။ မိုက်ကရိုမှာဈေးကွက်၏ပညာတွေဘယ် လောက်တတ်တတ်၊ မေကရိုအဆင့်စီးပွားရေးအဆင့်မချောလျှင် ဘယ်လိုမှ မအောင်မြင်နိုင်။ သည်လိုနှင့် မိုက်ကရိုနယ်၊ လုပ်ငန်းနယ်ထဲဆုံးအောင် လျှောက်လိုက်သောအခါမေကရိုအဆင့်၊ နိုင်ငံအဆင့်ဘောဂဗေဒပညာထဲတစ် ကျော့ပြန်ရောက်သွားလေတော့သည်။

(၃)

တစ်လောကစီးပွားရေးပညာသင်တန်းများကို စောစောစီးစီးကပင်မြန်မာနိုင်ငံ၌ ဖွင့်လှစ်ခဲ့သူဆရာဟောင်းတစ်ဦးနှင့်တွေ့သည်။ သူကသူ၏သင်တန်းများ၌ ဘောဂဗေဒပညာကိုထည့်သွင်းချင်သည်။ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များစကားပြောကြလျှင်မြန်မာတွေဘက်က (**economics literacy**)ဘောဂဗေဒပညာတတ်မြောက်သူနည်း၍အားမရဟုပြောပြသည်။ ကိုယ်တိုင်ကပုဂ္ဂလိက လုပ်ငန်းများမြင့်တင်ရေး၊ ဘောဂဗေဒပညာ ပြန့်ပွားရေးကိုလိုလားသူဖြစ်၍ ကိုယ့်မှာ



mgyoe.com

mgyoe.com


တာဝန်ရှိသည်ဆိုပြီး လက်ခံလိုက်ပါသည်။ တကယ်တော့ သူပေးသော သင်တန်းကြေးမှာအငှားကားကို လုပ်ကျွေးသလောက်သာရသည်။

ရှိစုမဲ့စုပြည်ပအတွေ့အကြုံအရဆိုလျှင်လည်း ယုတ်စွအဆုံး လေဆိပ်ကစာအုပ် ဆိုင်တွေမှာပင်ကူးသန်းရောင်းဝယ်ရေးပညာစာအုပ်၊ စီမံခန့်ခွဲမှုပညာစာအုပ်တွေ အလျှံပယ်တွေ့ရသည်။ ကြိုက်ရာရွေးဝယ်ရုံသာ။ သို့သော် စတန်းဖို့ဒ်တက္ကသိုလ်၊ မီချီဂန်တက္ကသိုလ်လိုစာအုပ်ဆိုင်တွေမှာမှာ ပင် ဘောဂဗေဒစာအုပ်ကအလွန်ရှားသည်။ တွေ့တော့လည်းအလွန်ဈေးကြီး သည်။

ဤအချက်ကိုကြည့်ပြီးဘောဂဗေဒဈေးကွက်သည် ကျဉ်းမြောင်း သည်။ ဘောဂဗေဒစာဖတ်ပရိသတ်နည်းပါးသည်ဟုဆိုနိုင်သည်။

သို့သော်နေ့စဉ်ထွက်နေသောသတင်းစာထဲမှာစီးပွားရေးကိစ္စ တွေ၊ ဘောဂဗေဒတွေကာမလွတ်။ ဥပမာ–အခြားသတင်းစာတစ်စောင်တမတ် ပေးဝယ်ရချိန်တွင်၊ ဝေါလ်စထရိဂျာနယ် (သတင်းစာ)ကတစ်ဒေါ်လာလား၊ နှစ်ဒေါ်လာလားပေးရသည်။ ပြီးတော့ဘောဂဗေဒကိန်းဂဏန်းတွေက လူတွေအပေါ်တိုက်ရိုက်အကျိုးသက်ရောက်သည်။

နယူးယောက်ရှိငွေရေးကြေးရေးသတင်းဌာန (Bloomlery)သို့ ကျွန်တော်တို့ရောက်သောနေ့က အားလုံးပျာယာခတ်နေကြသည်။ သမ္မတ ရုံး၏ ထုတ်ပြန်ချက်အရအလုပ်အကိုင်ရရှိသည့်ဦးရေမှာ မူလကခန့်မှန်း တွက်ဆထားသော ပမာဏထက်များနေ၍ဟုဆိုသည်။

" အလုပ်များများရတော့မကောင်းဘူးလား။ ဘာလို့ပြောနေကြတာ လဲမေးစရာရှိသည်။ အလုပ်များများရတော့ ဝင်ငွေတိုးမည်။ ဝင်ငွေတိုးလျှင် ဝယ်အားများမည်။ ဝယ်အားများပြီးထုတ်လုပ်မှုမတိုးပွားလျှင်ဈေးနှုန်းတက်


mgyoe.com

mgyoe.com


မည်။ ဈေးနှုန်း(၁)ရာခိုင်နှုန်းလောက်တက်တာပင်လျှင် သူတို့အတွက် အထိတ်တလန့်ဖြစ်နေသည်။

ဒီတော့နိုင်ငံအဆင့်လှုပ်ရှားမှုများ၊ ကိန်းဂဏန်းများက သူတို့၏ဘဝအပေါ်အကျိုးသက်ရောက်သည်။ လုပ်ငန်းအပေါ်ထိခိုက်မှုရှိသည်ကို သိရှိနားလည်ကြ၊ သဘောပေါက်ကြသည်။ အာရုံစိုက်ကြသည်။

ကျွန်တော်တို့ကတော့ ကျောချလို့တောင်ဒါါးပြမှန်းမသိသေး။

လွန်ခဲ့သောသုံးလေးလခန့်က အာဆီယံလွတ်လပ်စွာကုန်သွယ်မှုလုပ်ငန်းအကြောင်းဆောင်းပါးတွေဆက်လိုက်ရေးလာခဲ့ရာ၊ ကိုယ့်ကိုယ်ကိုယ်အတော်ဟုတ်လှပြီ၊ ခရီးရောက်လှပြီဟုထင်နေမိသည်။

ဝါဆိုလပြည့်ခါနီးတွင် မန္တလေးရှိဖခင်လေဖြတ်ကြောင်း ညီငယ်ကဖုန်းဆက်ခေါ်ပြောပြီး အမြန်လာရန်ခေါ်၍ မန္တလေးရောက်သွားသည်။ မန္တလေးကလုပ်ငန်းရှင်အချို့နှင့်တွေ့သည်။ သူတို့ကကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်းကိုလည်းမသိ၊ ကိုယ့်လည်းမသိ၊ အာဆီယံလွတ်လပ်စွာကုန်သွယ်မှုအကြောင်းလည်းမသိဘဲဝိုင်းမေးကြ၍ကိုယ်ရေးခဲ့သည့်အကြောင်းတွေကိုနှုတ်ကပြန်ပြောရသည်။ မေးဖေါ်ရကြ၊ မေးရမှန်းသိသည်ကို ကျေးဇူးတင်ရသေးသည်။ သို့သော်ကိုယ်ပြောနိုင်သည်မှာ ဆယ်ဂဏန်းမျှသာ။ စာရေးရတာတောင်အားလျော့သွားသည်။

ပြောချင်သည်မှာ ကိုယ့်လုပ်ငန်းသက်သက်၊ ကျဉ်းကျဉ်းလေးမျှသာစိတ်ဝင်စားနေ၍မဖြစ်တော့၊ အနည်းဆုံးကိုယ့်နိုင်ငံအကြောင်းသိရမည်။ သည့်ထက်မက ဖြစ်နိုင်လျှင် ကမ္ဘာ့ဈေးကွက်ကိုသိရမည်။ ရမ်းတုတ်တွေ၊ မှန်းတုတ်တွေနဲ့ အလုပ်မဖြစ်နိုင်ပါ။ တွေ့တဲ့လူကိုကက်ဆက်ထိုးပေး၊ သူ့ဖာသူပြောချင်ရာတွေလျှောက်ပြော၊ စာရေးဆရာကဒီအတိုင်းပြန်ကူး၊ အယ်ဒီတာ


mgyoe.com

mgyoe.com



လုပ်သူကဘာမျှမဖတ်ဘဲ ထည့်လိုက်သောဆောင်းပါးတွေရေးကြ၊ ဖတ်ကြသည်။ အဆင့်ကလည်းကျော်လွန်ဖို့ကောင်းပြီ။

(၄)

ရင်းနှီးတဲ့မိတ်ဆွေအယ်ဒီတာတစ်ယောက်ကလေ့လာဆည်းပူးထားသော ဘောဂဗေဒပညာတွေကို နှမြောလှသည်ဟုဆိုသည်။ အယ်ဒီတာတစ်ယောက်တည်းပင်မဟုတ်။ နှစ်ယောက်သုံးယောက်ကပြောကြသည်။ ကိုယ့်ဝမ်းနာကိုယ်သာသိနေ၍ ဘဝင်မမြင့်နိုင်ပါ။ အပတ်တကုတ်ကြိုးစားအားထုတ်ရေးသားရသောပညာရပ်ဆိုင်ရာဆောင်းပါးတစ်ပုဒ်၏ စာမူခသည်အင်တာဗျူးတစ်ပုဒ်၏စာမူခထက်နည်းပါးသည်။ ဈေးကွက်ကို သီအိုရီအရကျေညက်ထားသူမို့ ဈေးနှုန်းသဘော၊ တန်ဖိုးသဘော၊ ဈေးကွက်၏ ကမောက်ကမ .သဘော၊ ဝယ်သူလွှမ်းမိုးသည့်ဈေးကွက်၊ ရောင်းသူလွှမ်းမိုးသည့်ဈေးကွက်တို့၏သဘောကို နောကျေနေပါသည်။ ကိုယ့်ဈေးကွက်မဟုတ်၊ ကိုယ်ဘာမျှမတတ်နိုင်သည့်ဈေးကွက်အောက်တွင်ငုံ့ခံရုံသာ။ အပြည့်ပြည့်ဆိုင်ရာဈေးကွက် (**Perfect Competition**)ဆိုသည်မှာ ပြဋ္ဌာန်းစာအုပ်ထဲတွင်သာရှိကြောင်း၊ ကျောင်းသားများကို နှစ်တိုင်းသင်ကြားပို့ချပေးနေသူဖြစ်သည်။

ဘောဂဗေဒပညာကိုလေ့လာဆည်းပူးထားသူတစ်ဦးအနေဖြင့် ဘောဂဗေဒကျမ်းတစ်စောင်ကိုမြန်မာပရိသတ်အတွက်ပြုစုဦးမည်ဟု ကိုယ့်ကိုယ်ကိုယ်တာဝန်ပေးမိသည်။ မပြုစုနိုင်သေးမီဘာသာပြန်တစ်အုပ်တော့အမြန်ထုတ်မှဖြစ်မည်ဟု တစ်အုပ်ရေးဖြစ်သည်။ ကိုယ့်စာအုပ်ကိုယ်



mgyoe.com

mgyoe.com


ကျေနပ်ရလောက်အောင်မပေါ်ရဲသေးသောကြောင့်၊ စာအုပ်နာမည်ကိုချန်လှပ်ခဲ့ပါသည်။ ထုတ်ဝေသူတွေက ကျေညာလိမ့်မပေါ့။

စာရေးချင်တာကတစ်ဖက်၊ ငါ့ဝမ်းပူဆာမနေသာတာကတစ်ဖက်တို့ကြားထဲ၌ စာရေးချင်စိတ်တွေကုန်ခန်းလာတတ်သည်။ စာရေးရတာထက်စာမူတောင်းတာကပိုခက်သေးသည်။ တစ်နေ့က မန္တလေးမှမပြန်မီ၊ နဂါးစာပေမှ ကိုထွန်းဦးကိုသွားတွေ့သည်။ သူ၏စာအုပ်ထုတ်ဝေရေးမူမှာ (၁)စာမူသန့်ရမည်၊ (၂)စာအုပ်သန့်ရမည်၊ (၃)အမြတ်ရရမည်တဲ့ အမှတ်(၃)မူနှင့်မကိုက်ညီလျှင်ပင် စာမူသန့်ရ၊ စာအုပ်သန့်ရမည်တဲ့။ မမြတ်သော၊ ဝယ်သူမလိုက်သောစာအုပ်တွေကိုထုတ်ထားနောက်စာပေဝါသနာပါသူများကို ဝေငှနိုင်ရန်၊ တောင်သမန်–တောင်လေးလုံးကျောင်းတိုက်က ဦးပဥ္စင်းကိုပညာထံပို့ထားသည်တဲ့။ ကိုယ့်ထက်မိုက်တဲ့သူရှိသေးသည်။ ဒါကြောင့်လဲ ဗိုလ်ချုပ်အောင်ဆန်းတို့လက်ထက်က လူမိုက်အလိုရှိသည်လို့ကြွေးကြော်ခဲ့တာဖြစ်မည်။ သည်လိုလူတွေက ငွေစိုက်ပြီးမိုက်ရဲသေးလျှင် ကိုယ်လိုလူကလုပ်အားစိုက်၍ ပညာစိုက်ပြီးမိုက်ရဦးမည်ဟုကိုယ့်ကိုယ်ကိုယ်မာန်တင်းရသည်။

## (၅)

ထပ်ပြောပါဦးမည်။ လုပ်ငန်းအဆင့်တွင် ဘယ်လိုဈေးကွက်တင်တင်၊ သုတေသနတွေဘယ်လောက်လုပ်လုပ်၊ စီမံခန့်ခွဲမှုတွေဘယ်လောက်ကောင်းကောင်း နိုင်ငံ၏စီးပွားရေးအခြေအနေကိုထည့်မတွက်လျှင် နိုင်ငံတကာစီးပွားရေး အဆက်အသွယ်အကူးအသန်းများကို နားမလည်လျှင်အောင်မြင်မှု မရနိုင်။


mgyoe.com

mgyoe.com

# နိုင်ငံခြားကုမ္ပဏီများကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း

(၁)

ကျွန်တော်တို့နိုင်ငံတကာဧည့်သည်တော်(International Visitors) အဖွဲ့တွင် အဖွဲ့ဝင် (၁၉)ဦးပါသည်။ လောလောဆယ်တက္ကသိုလ်ဆရာလုပ်နေသူ (၂)ဦး ပါသည်  တစ်ယောက်ကကျွန်တော်၊ နောက်တစ်ယောက်က ဆလားဗီးယား မှပါမောက္ခ

တက္ကသိုလ်ဆရာတွေဂုဏ်ယူနိုင်သည့်အခါတစ်ခုကိုကြုံခဲ့ရသည်။ နယူးယောခ့်ကုလသမဂ္ဂရှေ့ရှိ နိုင်ငံတကာပညာရေးသိပ္ပံဌာနချုပ်၌ ခရီးစဉ်ပြန်



mgyoe.com

mgyoe.com



သုံးသပ်ကြသည်။ လေ့လာရေးအစီအစဉ်ပြီးဆုံးသည့်လက်မှတ်တွေကိုလည်း တရားဝင်ချီးမြှင့်သည်။ ကျွန်တော်တို့အာကင်ဆောအုပ်စုက အာကင်ဆော မှာဂုဏ်ပြုလွှာ (၂)စောင်ရထားပြီးပြီမို့ စိတ်စိတ်မဝင်စားကြတော့။

လေ့လာရေးခရီးကိုပြန်လည်သုံးသပ်ပုံမှာ–

ခရီးအစ၊ ဝါရှင်တန်မှာ ဘဏ္ဍာရေးဌာနကပုဂ္ဂိုလ်များ၊ ဗဟိုရံပုံငွေ အဖွဲ့မှပုဂ္ဂိုလ်များစသည်တို့က စီးပွားရေးအဆောက်အအုံကိုဘယ်လိုနိုင်နင်း ကြောင်းပြောသည်။

ပြည်နယ်တွေရောက်တော့ ပြည်နယ်ကပုဂ္ဂိုလ်တွေက သူတို့ ပြည်နယ်စီးပွားရေးကို ဘယ်လိုထိန်းချုပ်နိုင်ကြောင်းပြောပြသည်။

စတော့ဒိုင်တွေရောက်တော့ သူတို့ကထိန်းချုပ်တာတဲ့

ဘဏ်တွေဝင်ကြည့်တော့ ဟိုဘက်ကလည်းသူ့အရေးပါသတဲ့။ ဒီဘက်ကလည်းသူ့အရေးပါသတဲ့။

သူ့ကိုယ်သူအရေးမပါသယောင်ပြောပြီး ဗဟိုအဖွဲ့ပြည်နယ်အဖွဲ့၊ နိုင်ငံတကာအဖွဲ့ဘဏ်များအားလုံးကို မျှမျှတတ၊ ခြုံငုံပြီးသုံးသပ်တော့ တစ်ခု ပဲကြုံခဲ့ရသည်။ အဲဒါက–

မီချီဂန်တက္ကသိုလ်မှာလုပ်တဲ့ ဆွေးနွေးပွဲပါပဲတဲ့။ ဟုတ်ပါတယ်။ တက္ကသိုလ်ဆရာတွေဟာ သုတေသနပြု အမှန်တရားကိုရှာဖွေ၊ ဘက်မလိုက် တတ်တဲ့သူတွေပါဟု ဆလားပီးယားကပါမောက္ခကဝင်ပြီးအမှတ်ယူသည်။

ယခုတင်ပြမည့်အကြောင်းအရာမှာ မီချီဂန်တက္ကသိုလ်စီးပွားရေး လုပ်ငန်းပညာသင်ကျောင်းမှ ပါမောက္ခဘားနဒ်ယမ်း (Bernard Ywurg) က ပင်တိုင်ဆွေးနွေးသောအကြောင်းအရာများဖြစ်ပါသည်။ ပြည်ပလုပ်ငန်းတွေ သိမ်းသွင်းတာ ဘယ်အခါမှာ အဓိပ္ပါယ်ရှိသလဲ (Foreign Acquisitions: When



mgyoe.com

mgyoe.com



Do They Make Sense?)တဲ့။

(၂)

ကျွန်တော်တို့တတွေက ကျွန်တော်တို့နိုင်ငံတွေကို လာရောက်မြှုပ်နှံနေကြသော၊ ကျွန်တော်တို့နိုင်ငံရှိကုမ္ပဏီကြီးများနှင့် ပူးပေါင်းကြသော နိုင်ငံခြားကုမ္ပဏီများသည် အခွန်သက်သာခြင်း၊ အကျိုးအမြတ်များခြင်း၊ လုပ်အားခသက်သာခြင်း၊ ကုန်ကြမ်းပေါခြင်းတို့ကြောင့် လာရောက်ကြခြင်းဖြစ်သည်ဟုထင်ကြသည်။ သူတို့နှင့်စကားပြောသည့်အခါများ၌လည်း ထိုအကျိုးတရားတွေပြောကာဆွယ်တတ်ကြသည်။

သို့သော်မီချီဂန်တက္ကသိုလ်ပါမောက္ခများ၏ အလိုအရပြောရလျှင် မမြင်ရသောရပိုင်ခွင့်များ (Intangible Assets) ရှိမှသာ အောင်မြင်စွာနိုင်ငံတကာတွင် လှုပ်ရှားနိုင်သော နိုင်ငံစုံကော်ပိုရေးရှင်းကြီးများဖြစ်မည်။ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ၏ အထူးပိုင်ဆိုင်ခွင့်တွေမှာ–

(၁) နည်းပညာအရှိုးဆောင်မှု

(၂) ရောင်းဝယ်ရေးသာလွန်မှု

(၃) အဖွဲ့အစည်း၏စွမ်းအားကောင်းမွန်မှုတွေဖြစ်ပါတယ်။

ပြောင်းပြန် ပြန်ပြောရလျှင် (၁) နည်းပညာအရလည်းသာလွန်မှုမရှိ (၂) ရောင်းဝယ်ရေးမှာလည်းမထူးခြား၊ (၃)အဖွဲ့အစည်းများ၏စွမ်းအားလည်းမကောင်းလျှင် နိုင်ငံတကာတွင်အောင်မြင်သောကုမ္ပဏီမဖြစ်နိုင်။ ထိုသို့နိုင်ငံတကာတွင် မအောင်မြင်သောကုမ္ပဏီများသည်

(၁) အခွန်သက်သာခြင်း



mgyoe.com

mgyoe.com


(၂) အကျိုးအမြတ်များခြင်း

(၃) လုပ်အားခသက်သာခြင်း

(၄) ကုန်ကြမ်းပေါခြင်း တို့ကိုကြည့်တတ်၊ အခွင့်ကောင်းယူတတ်ပါသည်။ နည်းပညာရော၊ ရောင်းဝယ်နည်းရော၊ အဖွဲ့အစည်းစွမ်းရည်ရော ကောင်းမွန်လေ့မရှိကြပါ။

နည်းပညာတွေ၊ ရောင်းဝယ်ရေးနည်းဗျူဟာတွေ၊ အဖွဲ့အစည်း၏ စွမ်းရည်တွေကနိုင်ငံတစ်ခုထဲ၊ တစ်နိုင်ငံနှစ်နိုင်ငံထဲကျင့်သုံးတာထက် နိုင်ငံအများမှာ၊ နိုင်ငံတကာမှာကျင့်သုံးရလျှင် ပို၍ "တန်"ပါသည်။

မြင်ရသောစက်ရုံလို၊ စက်ကိရိယာတွေတိုးသုံးလေ၊ စရိတ်တက်လေ၊ အမြတ်နည်းလေဖြစ်ပြီး၊ မမြင်ရသောပိုင်ဆိုင်မှုတွေသာပိုသုံးလေ၊ စရိတ်သက်သာလေ၊ အမြတ်များလေ။

တခါတရံ ထိုမမြင်ရသောပိုင်ဆိုင်ခွင့်တွေက ဘယ်လောက်တောင် တန်ဖိုးကြီးသလဲဆိုလျှင် ဒေသခံကုမ္ပဏီများကို မငှားချင်၊ မဝေချင်၊ မမျှချင်လောက်အောင် တန်ဘိုးကြီးမားသည်။

ဥပမာ (၁၉၇၇)ခုနှစ်က ကိုကာကိုလာနှင့် အိုင်ဘီအမ်ကုမ္ပဏီတို့သည် အိန္ဒိယနိုင်ငံမှဆုတ်ခွာထွက်ပြေးခဲ့ကြဘူးပါသည်။ အစိုးရက ကုန်သွယ်မှုလို့ဂျက်ချက်များကိုဒေသခံကုမ္ပဏီများနှင့်မျှဝေရန်ဖိအားပေးချက်ကို လက်မခံနိုင်ခဲ့၍ဖြစ်သည်။ တစ်နည်းပြောရလျှင် ပစ္စည်းတွေကတန်တာ မဟုတ်။ နည်းပညာတွေကသာတန်ကြေးရှိနေခြင်းဖြစ်ပါသည်။ ပစ္စည်းသာ ပေးနိုင်မည်၊ ယူချင်ယူ၊ သိမ်းချင်သိမ်း၊ နည်းပညာတော့မပေးနိုင်ဟူသော သဘောဖြစ်ပါသည်။ ကိုယ့်ပညာတွေသူတပါးထံရောက်သွားလျှင် သွားပြီ။ ဟင်းစားသာပေးနိုင်မည်၊ ကွန်ချက် မပြနိုင်။


mgyoe.com

mgyoe.com



ပြည်ပတွင်လုပ်ငန်းချဲ့သည့်အခါ အကြောင်းကြောင်းကြောင့် သုညကမစ၊ ဖြေးဖြေးဆေးဆေးလုပ်မနေဘဲ၊ ဒေသခံကုမ္ပဏီများနှင့်ပူးပေါင်းလေ့ရှိသည်။ ထို့ကြောင့်မမြင်ရတဲ့ပညာတွေ နိုင်ငံတကာပြန့်သွားသော်လည်း လုပ်ငန်းထဲမှာပဲရှိနေစေသည်။

အမေရိကန်ကုမ္ပဏီကြီးတွေကို လိုက်ကြည့်သည့်အခါ သုတေသနလုပ်ငန်းတွေ၊ ဖွံ့ဖြိုးရေးတွေ၊ ကြော်ငြာတွေအတွက်များများသုံးသောလုပ်ငန်းများသည် အောင်မြင်ကြောင်းတွေ့ရသည်။ မမြင်ရသည့်ကိစ္စတွေအတွက် များများသုံးလေ များများအောင်မြင်လေ။

ပြောင်းပြန်ပြောရလျှင် သုတေသနမလုပ်၊ နည်းပညာမတိုးပွား၊ နာမည်မထွက်၊ ရောင်းဝယ်ရေးညံ့၊ လုပ်ငန်း၏စွမ်းရည်ညံ့ဖျင်းသော နိုင်ငံတကာကုမ္ပဏီများသည် ဖွံ့ဖြိုးတိုးတက်မှုကိုမရနိုင်။

တစ်မျိုးပြောရလျှင် နိုင်ငံတကာမှာတန်ကြေးရှိသော ကုမ္ပဏီများသည် သုတေသနပြု၊ စွမ်းရည်မြင့်၊ ဈေးကွက်ကိုထိုးဖောက်နိုင်၊ နာမည်ရသောကုမ္ပဏီများဖြစ်ပါသည်။

စက်တွေ၊ ကရိယာတွေထက် လုပ်ပုံလုပ်နည်းတွေ၊ သုတေသနတွေ၊ ပညာတွေကပိုတန်နေပါရောလား။ ကျွန်တော်တို့ကတော့စက်တွေ၊ ကရိယာတွေ၊ မြေတွေကို တန်သည်ဟုထင်နေတုန်းရှိသေးသည်။

(၃)

စာထဲမှာရင်းနှီးသောလည်း၊ လက်တွေ့မှာအမှုမဲ့အမှတ်မဲ့ဖြစ်နေတာတွေက လက်တွေ့တွေ့ရသောအခါကျမှ စာတွေပြန်သတိရစေသည်။



mgyoe.com

mgyoe.com



ဥပမာ–ပြိုင်ဆိုင်မှုအကြောင်း၊ နိုင်ငံတကာကုန်သွယ်မှုတွေအကြောင်း၊ စာတွေ့တော်တော်တွေ့ဖူးသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေကအရင်းအနှီးလိုနေကြောင်း၊ ပြည်ပပို့ကုန်တိုးတက်အောင် ကြိုးစားနေကြကြောင်းကြားသိရသည်။

အမေရိကန်လဲရောက်ရော နိုင်ငံခြားအရင်းအနှီးတွေရဖို့၊ ပြည်နယ်တစ်ခုနှင့်တစ်ခုအပြိုင်အဆိုင်ကြိုးစားနေကြသတဲ့၊ အံ့ရော။ ပြီးတော့ပို့ကုန်တိုးပွားရေးတဲ့၊ ကမ္ဘာလှည့်ခရီးသည်တွေဆွဲဆောင်ရေးတဲ့။ ဖွံ့ဖြိုးဆဲနိုင်ငံတွေကလာတဲ့ညှိသည်တွေအတော်စိတ်ညစ်ကုန်ကြသည်။ လယ်ကွက်တွေကလည်းအကျယ်ကြီး။ မျက်စေ့အဆုံး၊ အာကင်ဆောပြည်နယ်မှာ ဆန်တောင်ထွက်သည်။ ဆန်တော့မတွေ့ခဲ့ရ။

ဆန်ဖရန်စစ္စကို ဆိုကမ္ဘာလှည့်ခရီးသည်တွေဆီကနည်းနည်း ဖြစ်ဖြစ်၊ များများဖြစ်ဖြစ်ရအောင်ကို ပိုက်ဆံယူသည်။ ဓာတ်ရထားတွေဆွဲသည်။ ကားကိုဓာတ်ရထားလိုပြုပြင်ပြီးပြေးသည်။ မြင်းလှည်းဆွဲသည်။ ဒီကောင်တွေလုပ်ပုံဖြင့် ငါတို့ဘယ်လိုပိုက်ဆံရှာရမလဲဟုပင် စိတ်ညစ်မိသည်။ ခရီးသည်တွေကို ဆွဲဆောင်ပုံကလည်းစုံပါ့။ ဟိုသွားလိုက်ဦး၊ ဒီသွားလိုက်ဦးနဲ့ တစ်ချိန်လုံးညွှန်နေကြသည်။

သူတို့ဖာသာသူတို့တောင်မှ ပြည်နယ်အချင်းချင်း အကျိတ်အနယ်ပြိုင်ကြ၊ လမ်းတွေဖောက်ကြ၊ အလုပ်သမားတွေကိုပညာသင်ပေးကြ၊ အကျိတ်အနယ်အပြိုင်အဆိုင်လုပ်နေကြတာတွေကို ချောင်ထဲကထိုင်ကြည့် ပြီးမောနေမိသည်။

သူတို့ရဲ့ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေကလည်း ကိုယ့်ကုမ္ပဏီကို မျက်စေ့ဒေါက်ထောက်ကြည့်နေကြသည်။ စောစောကပြောခဲ့သည့် အရည်

mgyoe.com

mgyoe.com


အချင်း (၃)ခုမရှိလျှင် နိုင်ငံတကာဈေးကွက်မှာ ခန့်မှန်းကုမ္ပဏီဟုတွက်ကြသည်။ အစုရှယ်ယာဈေးတွေကျကုန်သည်။ အရည်အချင်း (၃)ခုရှိမှသာ နိုင်ငံတကာတွင် ပြုပြန်းလှမည်။ ရောင်းပန်းဝယ်ပန်းပွင့်မည့် ကုမ္ပဏီဟုထင်ကာ ရှယ်ယာဈေးတက်ကုန်သည်။

ကျွန်တော်တို့ကရော ......

## (၄)

ဖွံ့ဖြိုးရေးဘောဂဗေဒမှာ (၁၉၈၉)ခုနှစ်ခန့်က ဝယ်လိုအားဖိတ်လျှံမှုသီအိုရီ ( The demand spillover Theory )ဟု ပေါ်ခဲ့ဘူးသည်။ ဖွံ့ဖြိုးမှုနိမ့်ကျသည်။ အခြေအနေမှဖွံ့ဖြိုးမှုမြင့်သည့်လမ်းကြောင်းပေါ်ရောက်ရန် စီးပွားရေးအရ လေဟုန်စီးချိန်ရောက်ရန်အတွက်ဆိုလျှင်–

စီးပွားရေးကဏ္ဍတစ်ခု၌ မြန်မြန်ဆန်ဆန်တိုးတက်လာမှုသည် အခြားကဏ္ဍများမှ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်လိုအားတိုးပွားစေရမည်။ တစ်နည်းပြောရလျှင် ကဏ္ဍတစ်ခု၏ မြန်မြန်ဆန်ဆန်တိုးတက်မှုသည် အခြားကဏ္ဍများကိုပါ မြန်မြန်ဆန်ဆန်တိုးတက်အောင် အထောက်အကူဖြစ်ရမည်။ အခြားကဏ္ဍတွေတိုးတက်လာလျှင် မူလကဏ္ဍအတွက် ဝယ်လိုအားတွေတိုးပွားမည်။ ပိုပြီးမြန်မြန်ဆန်ဆန်တိုးတက်အောင် လုပ်ပေးရာရောက်မည်။ ဝယ်လိုအားအပိုအလျှံတွေ၊ တိုးပွားလာတာတွေ၊ သံသရာလည်ကုန်မည် ဤသို့ဖြင့် စီးပွားရေးအဆောက်အအုံအသွင်ပြောင်းလာမည်။

စီးပွားရေးအခြေအနေလေဟုန်စီးမှုအောင်မြင်ရန် ဘယ်ကဏ္ဍက စက်မှုထူထောင်ရေးကို လုပ်နိုင်လျှင်ပင် ကဏ္ဍအားလုံးက တပြိုင်နက်ထဲ သူ့


mgyoe.com

mgyoe.com



သူ့ကိုယ်အားပေး၊ ကိုယ့်သူအားပေးသည့်နည်းဖြင့် ဆောင်ရွက်ကြလျှင် စီးပွားရေးအဆောက်အအုံ တစ်ခုလုံးအကျိုးရှိနိုင်သည်ဟုယူဆကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများ၌ အချို့စီးပွားရေးကဏ္ဍ၌သာ စက်မှုထူထောင်ရေးလုပ်ရန် အဖွဲ့အစည်းဆိုင်ရာစွမ်းရည် နည်းပညာဆိုင်ရာစွမ်းရည်တွေရှိတတ်ကြပါသည်။ ထိုအခါမျိုး၌ အရည်အချင်းပြည့်သည့်နိုင်ငံစုံ ကုမ္ပဏီကြီးများသည် လိုအပ်သောအဖွဲ့အစည်းနှင့် နည်းပညာစွမ်းရည်များကို ဖြည့်ဆည်းပေးနိုင်ကြဖွယ်ရှိပါသည်။ ဖြည့်ဆည်းမပေးနိုင်သည့် နိုင်ငံခြားကုမ္ပဏီများသည် မလိုလားအပ်သောကုမ္ပဏီများအဖြစ် ဤသီအိုရီအရ အဓိပ္ပါယ်ကောက်ယူနိုင်ပါသည်။

စစ်ပြီးခေတ် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမူဝါဒမှာ ဤအတိုင်းပင်ဖြစ်ခဲ့သည်။ ယခုအထိထိုအရှိန်မကုန်သေးပါ။ ဂျပန်မှာတည်ထောင်သောဖက်စပ်ကုမ္ပဏီအများစုသည် ပြည်ပကစတာမဟုတ်။ ဂျပန်ကစတင်စေ့စပ်သောကုမ္ပဏီများဖြစ်ကြပါသည်။ နည်းပညာပေးနိုင်ဖွယ်ရှိသော ကုမ္ပဏီမျိုးကိုသာ အစိုးရကမျက်နှာသာပေးသည်။ အဆင့်မြင့်နည်းပညာတွေ ပိုင်သည့်ကုမ္ပဏီများကိုအထူးကြိုဆိုသည်။ လုပ်ငန်းစုတစ်ခုတည်းမှာပင် ပြည်ပကုမ္ပဏီအမျိုးမျိုး၊ ပြည်တွင်းကုမ္ပဏီအမျိုးမျိုးတွဲပြီးပြိုင်ခိုင်းသည်။ အစိုးရလမ်းညွှန်မှုဖြင့် ပြည်တွင်းကုမ္ပဏီတွေက မိမိတို့နှင့်တွဲမည့် နိုင်ငံခြားကုမ္ပဏီတွေကိုရွေးမည်။ အပြိုင်အဆိုင် ရှိနေတော့ အခြေမလှသည့် နိုင်ငံခြားကုမ္ပဏီတွေကိုနောက်ဆုတ်စေသည်။

ဂျပန်တို့၏အောင်မြင်မှုအတွေ့အကြုံပြောရာ၌ အခြားအကြောင်းတရားများကိုလည်း ထည့်ပြောလေ့ရှိကြပါသည်။ ဥပမာ– စုဆောင်းမှုနှုန်းမြင့်မားခြင်း။

mgyoe.com

mgyoe.com



ပြီးတော့ တစ်ခုခက်နေသည်က နိုင်ငံခြားကုမ္ပဏီများ၏ အတတ်ပညာတွေ၊ စီမံခန့်ခွဲနည်းတွေက မည်မျှအသုံးဝင်သည်ကိုတွက်ဆရန်ခက်ခဲသည်။ အစိုးရကို တွက်ခိုင်းဖို့ကလည်းမလွယ်။ အစိုးရနှင့်ပုဂ္ဂလိက ပေါင်းတွက်လျှင်လည်း အကျိုးစီးပွားချင်းဆန့်ကျင်ပြီး၊ အငြင်းပွားစရာတွေတိုးလာဖို့များသည်။

ထိုအခါအစိုးရက " ပြိုင်ကြ "ဟုခိုင်းဖို့သာတတ်နိုင်သည်။ ဘယ်သူကတန်ဖိုးရှိသလဲ၊ ဘယ်သူကတန်ဖိုးမရှိဘူးလဲ၊ ကိုယ့်ဖာသာကိုယ်ဆုံးဖြတ်ကြ။

**Reference:** *Randall Morck and Bernard Yeurg Foreign Acquisitions: when do they make sense? in Managerial Finance Volume 17 Number 6. 1991*



mgyoe.com